# မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၄၆)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

❀ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

❀ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့ မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့၌ လှည့်လည်ကြည့်ရှုလေ့လာကြပြီး ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General,Sonthi Boonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဇနီးဒေါ်ထွေးရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal နှင့် ဇနီးတို့လိုက်ပါလျက် မန္တလေးမြို့၌ချစ်ကြည်ရေးခရီးလည်ပတ်ရန် စက်တင်ဘာ ၁၂ရက် နံနက် ၉ နာရီ၁၅ မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

**ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General,Sonthi Boonyaratglin နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီးတို့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General,Sonthi Boonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)





**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

# ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေး အမျိုးသားညီလာခံတွင် ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြမည်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ရေရှည်တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရပ်တည်သွားနိုင်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်စသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အခြေခံအုတ်မြစ်ခိုင်ခံ့မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည် ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံတွင် မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ အခြေခံဥပဒေသည် မရှိမဖြစ် လိုအပ်ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် နိုင်ငံသားအားလုံးက အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးသွားမည်ဖြစ်သည်။

ခေတ္တရပ်နားထားခဲ့သည့် အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ချမှတ်ပြီးဖြစ်သည့် အခြေခံမူ ၁၀၄ချက်မှ ကျန်ရှိသည့် အခန်းလိုက်ခေါင်းစဉ်များကိုလည်း ကိုယ်စားလှယ်များနှင့် ဆက်လက်တိုင်ပင်ဆွေးနွေးသွားနိုင်ကြမည် ဖြစ်သည်။

အမျိုးသားညီလာခံတွင် အစုအဖွဲ့ ရှစ်ဖွဲ့ရှိပြီး လူထုလူတန်းစားအလွှာအသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်သည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့တွင် အင်အားအများဆုံးဖြစ်ပြီး တိုင်းအဆင့်၊ ခရိုင်အဆင့်မှသည် မြို့နယ်အဆင့်အထိ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ကြသည်။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၌လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်ကြသည့် တိုင်းရင်းသား ခေါင်းဆောင် ကိုယ်စားလှယ်များ ပါဝင်ကြသည်။ ထို့ကြောင့် ကိုယ်စားလှယ်အင်အားပေါင်း တစ်ထောင်ကျော်ဖြင့် နိုင်ငံတော်၏အနာဂတ်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေး ညှိနှိုင်းတိုင်ပင် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပွင့်လင်းရာသီရောက်တော့မည်ဖြစ်၍ လုပ်ငန်းများအရှိန်မြှင့် အားနည်းချက်၊ အားသာချက်သုံးသပ်၊ တာဝန်ကိုတိတိကျကျလိုက်နာ လမ်းခင်းပစ္စည်းများ၊ စက်သုံးဆီများ အလေအလွင့်မရှိစေရန် ကြပ်မတ်

နေပြည်တော် စက်တင်ဘာ ၁၃

**ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ရက်က နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား အဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။**

ရှေဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက အမှာစကား ပြောကြားရာတွင် ပွင့်လင်းရာသီ ရောက်တော့မည်ဖြစ်၍ မိမိတို့တာဝန်ယူနေသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးသွားသည့် လမ်းတံတားများကို တိတိကျကျ စစ်ဆေးပြီး ဖြစ်ရသည့်အကြောင်းများ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တာဝန်ကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့တတ်ထားသည့် ပညာ၊ အတွေ့အကြုံ အသိတရားနှင့် ကြပ်မတ်သွားမည်ဆိုလျှင် လမ်းတံတားများ ပျက်စီးမှု ယခုထက် လျော့နည်းသွားမည်ဖြစ်ကြောင်း၊ လမ်းခင်းပစ္စည်းများ၊ စက်သုံးဆီများကို အလေအလွင့် မရှိရန် အထူးကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အောက်ခြေ အဆင့်ရှိ ဝန်ထမ်းများအားလုံး တာဝန်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ငွေစာရင်းပိုင်းဆိုင်ရာတို့ကို ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်နယ်နှင့် တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေရရှိသုံးစွဲမှုအခြေအနေ၊ စက်ယန္တရားများနှင့် စက်သုံးဆီ ရရှိမှုအခြေအနေနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆရာဝန်၊သူနာပြုများအနေဖြင့် လူနာအပေါ်စေတနာထား ဗဟုသုတကြွယ်ဝပြီး လက်ခံကျင့်သုံးသည်အထိ ပညာပေး ရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်တတ်အောင် သင်ကြား

နေပြည်တော် စက်တင်ဘာ ၁၃

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၇ရက်က မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးက ကုသရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ဆေးရုံ၏ရန်ပုံငွေ၊ ဆေးပဒေသာပင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။**

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးက လူနာများအပေါ်စေတနာထားပြီး ပြုစုကုသပေးစေလိုကြောင်း၊ အထူးသဖြင့် အရေးပေါ်လူနာများအား ထိရောက်စွာ ကုသမှုပေးရန်နှင့် ရောဂါအခြေအနေကို သေချာစွာရှင်းပြပေးရန်လိုကြောင်း မှာကြားပြီး အရေးပေါ်လူနာဌာန၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ညောင်ဦးမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီးခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများအား တွေ့ဆုံကာ ညောင်ဦးမြို့ ခရိုင် ပြည်သူ့ဆေးရုံကို နိုင်ငံတော်က အဆင့်မြှင့်ပြီး ဖွဲ့စည်းတည်ဆောက်ပေးထားသဖြင့်ဆရာဝန်၊သူနာပြုဆရာမများအနေဖြင့်လူနာများအပေါ်စေတနာ အရင်းခံပြီး ကုသပေးစေလိုကြောင်း၊ ပြည်သူတို့ကို ကျန်းမာရေး ဗဟုသုတကြွယ်ဝလာပြီး အသိစိတ်ဖြင့် လက်ခံကျင့်သုံးလာသည်အထိ ပညာပေးခြင်းနည်းလမ်းမျိုးစုံကို အသုံးပြုရမှာ ဖြစ်ကြောင်း၊ ကျန်းမာစွာ နေထိုင်တတ်သည့် အပြုအမူများရှိလာပြီး ရောဂါများ မဖြစ်အောင်၊ ကြိုတင်ကာကွယ်တတ်အောင်သင်ကြားပြောဆိုပေးစေလိုကြောင်း မှာကြားသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ဝန်ကြီးသည် စက်တင်ဘာ၈ရက်တွင်မကွေးတိုင်း ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအား အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်စစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းတိုင်းသည် ပြောင်းလဲတိုးတက်နေသော ကျန်းမာရေးဆိုင်ရာ ပညာရပ်များကို မျက်ခြည်မပြတ်လေ့လာရန်လိုကြောင်း၊ကျန်းမာရေးနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို အစဉ်အမြဲ ရရှိအောင် ဆောင်ရွက်ပြီး ဖတ်ရှုလေ့လာလျက် ကျေးရွာနေပြည်သူလူထုအား ကျန်းမာရေး ပညာပေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)



## လက်ခံယူ

**မိခင်ဒေါ်လှကြွယ်အား ရည်စူး၍ အမှတ် (၁၁၁) ၄လမ်း သမိုင်းအနောက် မရမ်းကုန်းမြို့နယ်နေ သမီးဒေါ်သန်းညွန့်နှင့် မြေး၊ မြစ်တစ်စုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေ ပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးချစ်လှိုင်လက်ခံယူစဉ်။**

(က–ပ)

## မြဝတီရုပ်မြင်သံကြား

**၁၄–၉–၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညနေပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း–၅၅) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** –အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ (အပိုင်း–၂) |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟေဝန်က သိုင်းလုလင်”** (ဒုတိယတွဲ) (အပိုင်း–၂၃) |

# ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဆိုးလ်မှ ပြန်လည်ရောက်ရှိ အာရှဒေသ၌ အစိုးရအုပ်ချုပ်ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အမြင်ချင်းဖလှယ်သည့်ဒေသဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ခဲ့



နေပြည်တော် စက်တင်ဘာ ၁၃

**ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် အာရှဒေသတွင် အစိုးရ အုပ်ချုပ်ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အမြင်ချင်းဖလှယ်သည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် ခဲ့သော မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။**

## ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ မွေးမြူရေး နှင့် ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပြည်ထဲ ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိ သူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

## တက်ရောက်ခဲ့

အဆိုပါ မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ် ကြီး ဦးမျိုးလွင်၊ ပြည်ထဲရေးဝန်ကြီး ဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင် မောင်သိန်းနှင့် ကိုရီးယားသမ္မတ နိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ ပထမ အတွင်းဝန် ဦးရဲလွင်တို့လည်း တက် ရောက်ခဲ့ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်( တောင်ပိုင်း )မြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

**ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းအတွင်း အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါလူနာများနှင့် မိသားစုများ အတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းညှိနှိုင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။**

## ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က လူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း များအကောင်အထည်ဖော် ဆောင်ရွက် မှုအခြေအနေကိုလည်းကောင်း၊မြန်မာ နိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်း ရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်သက် သက်ဇင်က အမျိုးသမီးရေးရာအဖွဲ့ဝင် များအနေဖြင့် ကျန်းမာရေးနှင့်ပတ် သက်သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ မြန်မာ နိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်း (ဗဟို) အလုပ်အမှုဆောင် ဒေါက်တာဒေါ်ခင်မြဝင်းက မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအနေ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာ ရေး လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်ဦးအောင် မြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင် ရွက်သည့် ကျန်းမာရေး လုပ်ငန်းများ ကိုလည်းကောင်း၊ မြန်မာနိုင်ငံသူနာပြု အသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ ခင်က ပြည်သူလူထု၏ လိုအပ်ချက်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သူနာ ပြုစုနည်းများကို လည်းကောင်း၊ ဒဂုံ မြို့သစ်(တောင်ပိုင်း) မြို့နယ်ကျန်း မာရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးကိုကိုလှိုင်က လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းလျက် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိ သည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး လုပ်ငန်းအခြေအနေများ ကိုလည်းကောင်း ရှင်းလင်း ပြောကြား ကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

## ဖြန့်ဝေပညာပေး

ဆက်လက်၍ ကျန်းမာရေးဦးစီး ဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူ များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်း၍ အေအိုင်ဒီအက်စ် ရောဂါ အပါအဝင် တီဘီရောဂါနှင့် အခြား နာတာရှည်ရောဂါဝေဒနာရှင်များအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် အာဟာရနှင့် ဆေးများကို ပေးဝေခြင်း၊ ရပ်ကွက်အတွင်းရှိ အမျိုးသမီးများအား သံဓာတ်အားဆေးပြားများ၊ဖောလစ်အက် ဆစ်အားဆေးများဝေငှပေးခြင်း၊ ကျန်း မာရေး ပညာပေးခြင်းများ ဆောင်ရွက် ပေးကြပြီး လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများကလည်း လူနာအား ဆေးရုံ၊ ဆေးခန်းသို့ ညွှန်းပို့ပေးခြင်း၊ ဆေးဝါးနှင့် အာဟာရအတွက် အစား အသောက်များ ကူညီပေးခြင်း၊ ကျန်း မာရေးပညာပေးခြင်း၊ မိသားစုများ အနေဖြင့် စနစ်တကျ ပြုစုစောင့်ရှောက် တတ်အောင် လက်တွေ့ပြုစုဆောင် ရွက်ပြသခြင်း၊ လူနာများအား အကျိုး ရှိစွာ နေထိုင်တတ်စေရန်နှင့် ထပ်ဆင့် ရောဂါများ ကူးစက်ပြန့်ပွားမှုမရှိအောင် နေထိုင်တတ်စေရန် ပညာပေးခြင်း၊ အားပေးကူညီခြင်းများ ဆောင်ရွက် ခြင်း၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ရောဂါဝေဒနာရှင် များနှင့် မိသားစုများအတွက် ကျန်း မာရေးပညာပေး လက်ကမ်း စာစောင် များနှင့် ပိုစတာများကို ဖြန့်ဝေ ပညာ ပေးခြင်းများဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❐ ကျောဖုံးမှ

အာရှ-ဥရောပ အစည်းအဝေး သည် dialogue ပုံစံဖြင့်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှုကိစ္စများ၊ လူမှုရေးနှင့် ယဉ် ကျေးမှုကိစ္စများဟူ၍ မဏ္ဍိုင်ကြီး (၃)ရပ် သတ်မှတ်၍ ဆွေးနွေးကြ သည်။

## အကြမ်းဖက်မှုပပျောက်ရေး

စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စတင်ကျင်းပသော ပထမ ပိုင်း အစည်းအဝေးတွင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေသော အကြမ်း ဖက်မှု ပပျောက်ရေး၊ ကူးစက် ရောဂါများ ထိန်းချုပ်ရေး အပါအဝင် အီရန်နျူကလီးယား အစီအစဉ်ကိစ္စ၊ ကိုရီးယားကျွန်းဆွယ် အခြေအနေ၊ လက်ဘနွန်အခြေအနေ၊ အီရတ်နိုင်ငံ အခြေအနေ၊ အရှေ့တီမောအခြေ အနေနှင့် အာဖဂန်နစ္စတန်အခြေအနေ များကို ဆွေးနွေးကြသည်။

ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် များသည် ဖင်လန်နိုင်ငံ သမ္မတက ဂုဏ်ပြုတည်ခင်းဧည့်ခံသော ညစာ စားပွဲ(Retreat Format)၌ လည်း ဒေသဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ကြရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေ ဖြစ်ပေါ် တိုးတက်မှုများကို အသိ ပေးပြောကြားခဲ့သည်။

## စွမ်းအင်လုံခြုံရေး

စက်တင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသော ဒုတိယပိုင်း စီးပွားရေးမဏ္ဍိုင်အောက်တွင် အာရှနှင့် ဥရောပအကြား(Closer Economic Partnership)နီးကပ်စွာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ကြရန်ကိစ္စ၊ ဘဏ္ဍာ ရေးနှင့်ငွေကြေးကိစ္စ၊ ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့(WTO)၏ Doha Development Agenda အစည်း အဝေး ပြန်လည်ကျင်းပ၍ ဆောလျင် စွာ ပြီးဆုံးရေးကိစ္စ၊ Globalization ၏ အကျိုးကျေးဇူးများကို ကမ္ဘာ့ နိုင်ငံများအားလုံး အညီအမျှ မျှဝေ ခံစားခွင့် ရရှိရေး ကိစ္စတို့ကို ဆွေးနွေး ကြသည်။ ထို့အတူ ရာသီဥတု ပြောင်းလဲ ဖောက်ပြန်လာမှုကို ထိန်း ချုပ်ကာကွယ်ရေး၊ စွမ်းအင်လုံခြုံရေး အတွက် ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စများကိုလည်း အလေးထား ဆွေး နွေးခဲ့ကြသည်။

အစည်းအဝေး၏ တတိယပိုင်း ကဏ္ဍ၌ လူမှုရေးနှင့် ယဉ်ကျေးမှု မဏ္ဍိုင်အောက်တွင် အာရှနှင့်ဥရောပ တိုက်ကြီး နှစ်တိုက်ကြား ယဉ်ကျေးမှု နှင့် လူနေမှုစနစ် တူညီမှု မရှိခြင်းနှင့် ဘာသာကိုးကွယ်မှု မတူညီခြင်းစသည့် ကွဲပြားခြားနားနေမှုများကြောင့် တစ် ဖက်နှင့် တစ်ဖက် နားလည်မှုလွဲမှား နေခြင်း၊ အမြင်မကြည်လင်မှုများ ဖြစ်ပေါ်နေခြင်းများ ပြေပျောက်သွား စေလျက် တစ်ဖက်နှင့် တစ်ဖက် နားလည်မှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် Dialogue among Cultures and Civilizations ကို အကျိုးရှိရှိ ကျင်းပသွားရန်နှင့် Interfaith Dialogue ကို မတူညီသော ဘာသာ ကိုးကွယ်မှုများအကြား ဆွေးနွေးပွဲ များ ကျင်းပလျက် ဘာသာအယူဝါဒ တစ်ခုနှင့် တစ်ခုအကြား နားလည်မှု များ ပိုမိုဖြစ်ထွန်းစေလျက် သည်းညည်း ခံခွင့်လွှတ်မှုများ တိုးပွားလာကာ ဘာသာ ရေးပဋိပက္ခများ ပပျောက်စေရေးတို့ကို ရည်ရွယ်၍ ဆွေးနွေးကြသည်။

## အတည်ပြုထုတ်ပြန်

ထိပ်သီးအစည်းအဝေးအပြီးတွင် (၆)ကြိမ်မြောက် ထိပ်သီးအစည်း အဝေးက ကြေညာချက်သုံးခု ဖြစ်သော အေဆမ်အဖွဲ့ အစည်းအဝေး သဘာ ပတိ၏ ထုတ်ပြန်ကြေညာချက်၊ အေ ဆမ်၏ အနာဂတ်လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ကြေညာချက်နှင့် ရာသီ ဥတုပြောင်းလဲခြင်းဆိုင်ရာ ကြေညာ ချက်တို့ကို အတည်ပြု ထုတ်ပြန်ခဲ့ သည်။

ထိပ်သီးအစည်းအဝေးကျင်းပ နေစဉ် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီး ဌာနဝန်ကြီးဦးဉာဏ်ဝင်းသည် ဥရောပ သမဂ္ဂ၏ သုံးဦးအဖွဲ့ဖြစ်သော ဖင်လန်၊ ဂျာမနီနှင့် ဥရောပကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပေါ် လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့် ကျန်းမာရေး အခြေအနေများကို သီးခြား ရှင်းလင်း ပြောပြခဲ့သည်။ ဥရောပသမဂ္ဂက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည်များနှင့် ပတ်သက်၍ အထင်မှား အမြင်မှားဖြစ်ကာ စွပ်စွဲ ပြောဆိုမှုများကိုလည်း ကိစ္စတစ်ခုချင်း အလိုက် အဖြစ်မှန်များကို အချက် အလက်များနှင့်တကွ တုံ့ပြန်ပြော ကြားခဲ့သည်။

## ဆက်လက်ထွက်ခွာ

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်း ဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အဖွဲ့ဝင် များဖြစ်ကြသည့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်း ဇေယျာထွန်းတို့နှင့်အတူ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံသို့ တက်ရောက်ရန်ဖင်လန်နိုင်ငံမှကျူးဘား နိုင်ငံသို့ စက်တင်ဘာ ၁၂ ရက်တွင် ဆက်လက်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

**စက်တင်ဘာ၁၁ရက်က လှိုင်သာယာမြို့ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်မှုဇုန်(၁)ရှိ Jewellery Luck Co.,Ltd.(ပီနန်အိတ်စက်ရုံ)တွင် အာမခံအလုပ်သမားများအား လှိုင်သာယာ လူမှုဖူလုံရေးမှ မန်နေဂျာ ဦးသောင်းမြင့်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာနွဲ့နွဲ့ဦးတို့က လူမှုဖူလုံရေးစီမံကိန်း အခမဲ့ဆေးဝါးကုသပေး ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေး စဉ်။** (က-ပ)



**စက်တင်ဘာ ၈ရက်က ပန်းဘဲတန်းမြို့နယ်(၇)ရပ်ကွက်ရုံးတွင်နယ်လှည့် စာကြည့်တိုက်နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးဒေါ်မြသန်းနှင့် ပန်းဘဲတန်း (၇)ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။** (မြို့နယ်ပြန်/ဆက်)





ဟောင်ကောင်တွင် ဒစ္စနေအပန်းဖြေ ဥယျာဉ်ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနေသည်ကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ထိုင်းဒုတိယဝန်ကြီးချုပ် ကုလအတွင်းရေးမှူးချုပ်ဖြစ်ရေး ဝန်ကြီးချုပ်သက်ဆင် ဟယ်လ်ဆင်ကီ၌ ဆွေးနွေး

ဗန်ကောက် စက်တင်ဘာ ၁၃

**ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်သည် ထိုင်းဒုတိယဝန်ကြီးချုပ် ဆူရာကီယက်ဆတ်တီရာထိုင်းအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးရရှိရေးအတွက် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ နှစ်ရက်ကြာကျင်းပသော ဆဋ္ဌမအကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေး(အာဆမ်)သို့ တက်ရောက်စဉ် အခြားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။**

**ဆွေးနွေး**

ဆူရာကီယက်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ထောက်ခံပေးရန် ထိုင်းဝန်ကြီးချုပ်သည် ကုလသမဂ္ဂအမြဲတမ်း လုံခြုံရေးကောင်စီဝင်ငါးနိုင်ငံမှ ဗြိတိန်နှင့် ပြင်သစ်ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆူရာကီယက်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်လာရန် ၅၀ ရာခိုင်နှုန်းစီ အခွင့်အလမ်း ရှိနေပြီဖြစ်သည်။

**ထောက်ခံထား**

ကိုဖီအာနန်၏ အတွင်းရေးမှူးချုပ်တာဝန်မှာ ယခုနှစ်ကုန်ပိုင်း၌ ကုန်ဆုံးမည်ဖြစ်ရာ ဆူရာကီယက်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုက ထောက်ခံထားကြောင်း ထိုင်းမီဒီယာက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာရှမီးရထားလမ်းဖောက်လုပ်မှုအရှိန်မြှင့် မလေးရှားက ကမ္ဘောဒီးယားသို့ ပစ္စည်းများထောက်ပံ့

ကွာလာလမ်ပူ စက်တင်ဘာ ၁၃

**အာရှဖြတ် မီးရထားလမ်းဖောက်လုပ်မှုအရှိန်မြှင့်ရန် မလေးရှားနိုင်ငံက ကမ္ဘောဒီးယားအစိုးရသို့ မီးရထားလမ်းဇလီဖားတုံးများနှင့် သံလမ်းများ ထောက်ပံ့ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက စက်တင်ဘာ ၁၁ရက်တွင် ဖော်ပြသည်။**

အဆိုပါ မီးရထားလမ်းသုံး ပစ္စည်းများကို ထိုင်းနယ်စပ်ပါလစ်ပြည်နယ် မြောက်ပိုင်းသို့ သင်္ဘောများဖြင့် တင်ပို့ခဲ့ပြီးဖြစ်သည်။ ယင်းပစ္စည်းများကို ထိုင်းအစိုးရက ပို့ဆောင်ရေးစရိတ် အကုန်ကျခံကာ ကမ္ဘောဒီးယားသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်က ပြောကြားသည်။

**ပြောကြား**

မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီက ဖင်လန်၌ အာရှ-ဥရောပထိပ်သီးအစည်းအဝေးပြင်ပ၌ မလေးရှားသတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

**အပိုင်းနှစ်ပိုင်း**

ကမ္ဘောဒီးယားနိုင်ငံသည် ယင်းမီးရထားလမ်းဖောက်လုပ်ရန် အပိုင်းနှစ်ပိုင်း ဆောင်ရွက်ရမည်ဖြစ်ရာ ၄၈ ကီလိုမီတာ အကွာအဝေးရှိသော ကမ္ဘောဒီးယားနိုင်ငံ အတွင်းပိုင်းနှင့် ၂၁၀ ကီလိုမီတာရှည်သော ကမ္ဘောဒီးယားမှ ဗီယက်နမ်အပိုင်းဖြစ်သည်။

**ဆက်သွယ်**

ယင်းမီးရထားလမ်းဖောက်လုပ်ပြီးပါက အာဆီယံခုနစ်နိုင်ငံဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်နေသည်ကို စက်တင်ဘာ ၁၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ဂျပန်မင်းသမီး ကီကိုမွေးသော သားတော်လေး ဟီဆာဟီတိုဟု အမည်ပေး

တိုကျို စက်တင်ဘာ ၁၃

**ဂျပန်မင်းသမီး ကီကိုမွေးဖွားခဲ့သော သားတော်လေးအား မွေးဖွားပြီး ခုနစ်ရက်ကြာ၌ ဟီဆာဟီတိုဟူသောအမည်ကို ရွေးချယ်ပေးခဲ့ပြီဖြစ်ကြောင်း ဂျပန်ဘုရင့်နန်းတော်မှ စက်တင်ဘာ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။**

**အမည်ပေးအပ်ပွဲအခမ်းအနားကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အေအီကူဆေးရုံ၌ပင် စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။**

နှစ်ပေါင်း ၄၀

**ယခုမွေးဖွားလာသော မင်းသားလေး ဟီဆာဟီတိုသည် မင်းသားအကီရှိနိုနှင့် မင်းသမီးကီကိုတို့အတွက် ပထမဆုံးမွေးဖွားသည့် သားယောကျ်ားလေးဖြစ်သည်။ ထို့အပြင် ဂျပန်ဘုရင့်တော်ဝင်မိသားစု၌လည်း နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း ပထမဆုံး သားယောကျ်ားလေး မွေးဖွားလာခြင်းလည်း ဖြစ်သည်။**

**ယခုအမည်ပေးလိုက်သော မင်းသားလေး ဟီဆာဟီတို၏အမည်တွင် ဟီဆာသည် ရှည်ကြာခြင်း၊ အခက်အခဲမရှိခြင်းဟူသော အဓိပ္ပာယ်များ ရှိနေပြီး ဟီတိုဆိုသည်မှာ ထူးခြားသောအလေ့အကျင့်ရှိသူဟူသော အဓိပ္ပာယ် ဆောင်လေသည်။**

တတိယမြောက်

**မင်းသားလေး ဟီဆာဟီတိုမှာ ဂျပန်ဘုရင်အကီဟီတိုနှင့် မိဖုရားမီချီကိုတို့၏ တစ်ဦးတည်းသော မြေးယောကျ်ားလေးဖြစ်ပြီး အသက် ၄၆ နှစ်အရွယ်ရှိ ဂျပန်အိမ်ရှေ့မင်းသားနာရူဟီတိုနှင့် ဖခင်ဖြစ်သူ မင်းသားအကီရှိနိုတို့ပြီးလျှင် တတိယမြောက် ဂျပန်ဘုရင့်ထီးနန်းကို ဆက်ခံမည့်သူ ဖြစ်လာမည်ဖြစ်သည်။** (အင်တာနက်)




# ဗီယက်နမ်နိုင်ငံတောင်ပိုင်း၌ မုန်တိုင်းကျရောက်ပြီးရေလွှမ်း

**ဟနွိုင်း စက်တင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း၌ မုန်တိုင်း ကျရောက်ပြီး ရေလွှမ်းရာ လူ ၂၄ ဦး သေဆုံးခဲ့ရကြောင်း ဒေသသတင်းဌာနက စက်တင်ဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။**(ယာပုံ)**

**ပျက်စီး**

ထိုသို့ရေလွှမ်းခြင်းကြောင့် ဒေသခံ အိမ်များ၊ ကျောင်းများ၊ လယ်ယာမြေများနှင့် စိုက်ပျိုးမြေများ ပျက်စီးခဲ့သည်။

**မြေပြိုမှုဖြစ်ပွား**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်ကာလက မိုးသည်းထန်ပြီး ရေကြီးကာ မြေပြိုမှုဖြစ်ပွားခဲ့ရာ ၄၂ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာ ရရှိခဲ့ကြောင်း၊ မြောက်ပိုင်း ပြည်နယ်များတွင်လည်း မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ကယ်လီဖိုးနီးယားတွင် တောမီးလောင်

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၃**

ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်နှင့် ဗင်တူရာမြို့အကြား တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ ၁၂၇၀၃ ဧကပေါ်ရှိ သစ်တောများ မီးလောင်ကျွမ်းခဲ့ကြောင်း ဒေသအာဏာပိုင်များက စက်တင်ဘာ ၁၀ရက်၌ ပြောကြားသည်။

**ပြောကြား**

ရာသီဥတုပူပြင်းမှုကြောင့် တောမီးလောင်ကျွမ်းမှု ကျယ်ပြန့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သစ်တောရေးရာ သတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

**ထပ်မံဖြစ်ပွားနိုင်**

ယခုကဲ့သို့ မီးလောင်မှုကြောင့် လူနေအိမ်များ မီးလောင်မှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းလည်း အဆိုပါသတင်း၌ ဖော်ပြသည်။ မီးသတ်သမား ၁၄၆၅ဦးတို့က မီးငြိမ်းသတ်နေကြောင်း၊ အပူချိန်မြင့်မားမှုကြောင့် မီးလောင်မှု ထပ်မံဖြစ်ပွားနိုင်ကြောင်း သစ်တောရေးရာသတင်းထုတ်ပြန်ရေးဌာနမှ အရာရှိတစ်ဦးဖြစ်သူ လန်ကွစ်က ပြောကြားသည်။

သစ်တောမီးလောင်ကျွမ်းမှုကြောင့် မီးငြိမ်းသတ်ရမှု ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၃သမ ၄၃သန်းရှိခဲ့ကြောင်း မီးသတ်အရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဆမ်ဆောင်းကုမ္ပဏီမှ အသစ်တီထွင်ထုတ်လုပ်လိုက်သည့် မိုလ်ဘိုင်းဖုန်းတစ်မျိုးကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း



## နိုင်ငံတကာ သတင်းများ

## တရုတ်မြို့ကြီး ၃၆မြို့၌ အကြမ်းဖက်တိုက်ဖျက်ရေး တပ်ဖွဲ့များဖွဲ့စည်း

ပေကျင်း စက်တင်ဘာ ၁၃

**တရုတ်နိုင်ငံ မြို့ကြီး ၃၆မြို့၌ အကြမ်းဖက်မှုနှင့် အဓိကရုဏ်းများ ကိုင်တွယ်ဖြေရှင်းရန်အတွက် အထူးရဲတပ်ဖွဲ့ကို ထူထောင်ထားပြီဖြစ်သည်။**

ယင်းအထူးတပ်ဖွဲ့ကို မြို့မြူနီစီပယ်ပြည်သူ့လုံခြုံရေးအဖွဲ့က တိုက်ရိုက်အုပ်ချုပ်ပြီး ၎င်းတို့အား ခေတ်မီလက်နက်များနှင့် မော်တော်ယာဉ်များ ပေးထားကြောင်း၊ နန်ကျင်း၊ ကျန်ကျိူ၊ ဝူဟာမ်နှင့် ရှင်ကျန်းမြို့ကြီးတို့၌ ရဟတ်ယာဉ်များကိုပါ ပေးထားကြောင်း သိရသည်။

ယင်း တပ်ဖွဲ့ဝင်များသည် အသက် ၂၅နှစ်မှ ၃၀ကြား ရှိသူများဖြစ်ကြပြီး အရပ်အမောင်းမှာ အမျိုးသား အရာရှိများအတွက် ၁ဒသမ၇၀ မီတာ၊ အမျိုးသမီးများအတွက် ၁ဒသမ၆၅မီတာ သတ်မှတ်ထားသည်။

**စွမ်းရည်ပြည့်ဝ**

အဆိုပါ အထူးရဲတပ်ဖွဲ့ဝင်များသည် ကျွမ်းကျင်မှု၊ စည်းကမ်းလိုက်နာမှုနှင့် စွမ်းရည်ပြည့်ဝသော တပ်ဖွဲ့ဝင်များဖြစ်စေရန်အတွက် တရုတ်နိုင်ငံတော်ကောင်စီဝင်လည်းဖြစ် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံရေးဗျူရိုအဖွဲ့ဝင်လည်းဖြစ်သူ ကျိူရောင်ကိုင်းက ဆော်ဩပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အမေရိကန် ကမ်းရိုးတန်း၌ လျှင်လှုပ်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

မက္ကဆီကို ပင်လယ်ကွေ့တွင် စက်တင်ဘာ ၁၁ရက်က အင်အား ရစ်ချ်တာစကေး ၆ရှိသော မြေငလျင်လှုပ်သွားသဖြင့် အမေရိကန် ပင်လယ်ကွေ့ကမ်းရိုးတန်းတွင် ငလျင်လှုပ်မှု အနည်းငယ်ဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၌ ဖော်ပြသည်။

**ဗဟိုပြုလှုပ်သွား**

ငလျင်လှုပ်မှုမှာ ဖလော်ရီဒါပြည်နယ် တမ်ပါမြို့၏အနောက်တောင်ဘက် ကီလိုမီတာ ၄၁၈အကွာ ပင်လယ်ပြင်၌ ဗဟိုပြုလှုပ်သွားခြင်း ဖြစ်သည်။

**သတင်းထုတ်ပြန်**

ဖလော်ရီဒါပြည်နယ်အနောက်တောင်ဘက် ပင်လယ်ပြင်တွင်လည်း ငလျင်ကြောင့် ရေလှိုင်းများဖြစ်ပေါ်ခဲ့သော်လည်း ဆုနာမီအနေအထားမျိုး မရှိကြောင်း အမေရိကန်ဘူမိဗေဒဌာနက သတင်းထုတ်ပြန်သည်။

ငလျင်လှုပ်မှုမှာ ဂျော်ဂျီယာ တောင်ပိုင်းနှင့် ဖလော်ရီဒါကမ်းရိုးတန်းတစ်လျှောက်တွင် စက္ကန့် ၂၀ ခန့်လှုပ်သွားခြင်းဖြစ်သည်။ ထို့အတူ အလာဘားမား၊ မစ္စစ္စပီနှင့် လူဝီစီးယားနားတို့တွင်လည်း ငလျင်လှုပ်မှုကို ခံစားခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဖိလစ်ပိုင်တွင် ဓာတ်ငွေ့ယိုစိမ့်ပြီး ပေါက်ကွဲ

**မနီလာ စက်တင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ မန်ဒါယူမြို့ရှိ ပင်မင်းဆိုင်တစ်ဆိုင်တွင် စက်တင်ဘာ ၁၁ရက်က ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာ ရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုသည် နံနက် ၈နာရီခန့်က ပေါက်ကွဲခြင်းဖြစ်ပြီး သေဆုံးသူနှင့် ဒဏ်ရာရသူများမှာ ပင်မင်းဆိုင်အနီးရှိ လမ်းပေါ်တွင် သွားလာနေကြသူများနှင့် ဈေးရောင်းနေကြသူများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား ဒေသဆိုင်ရာ ဆေးရုံသို့ ဆေးကုသမှုခံယူရန် တင်ပို့ထားကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပေါက်ကွဲမှုမှာ မတော်တဆဖြစ်ရပ်ဖြစ်ကြောင်း၊ ပင်မင်းအခြောက်ခံစက်၏ စက်မှုဆိုင်ရာပြဿနာကြောင့် ဖြစ်ကြောင်းလည်း ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အိန္ဒိယနှင့်တောင်အာဖရိက နှစ်နိုင်ငံကုန်သွယ်မှု ၂၀၁၀ပြည့်နှစ်၌ဒေါ်လာ ၁၂ဘီလီယံအထိရှိလာမည်

နယူးဒေလီ စက်တင်ဘာ ၁၃

**တောင်အာဖရိကနိုင်ငံသည် လာမည့် ၂၀၁၀ပြည့်နှစ်၌ အိန္ဒိယနှင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၂ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း တောင်အာဖရိက ဒုတိယသမ္မတ ဖန်ဇီလီအမ်လမ်ဘိုနတ်ကူကာက စက်တင်ဘာ ၁၁ရက်၌ ပြောကြားသည်။**

အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တောင်အာဖရိကနိုင်ငံ၏အခြေခံအဆောက်အအုံ လုပ်ငန်းများနှင့် အိုင်တီကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံကြရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။

**မှန်းဆ**

အိန္ဒိယနိုင်ငံ၏ ပြည်ပပို့ကုန်များ တောင်အာဖရိကသို့ ရောက်ရှိမှုမှာ ၂၀၀၆ခုနှစ် ဘတ်ဂျက် ကာလအတွင်း ၅၈ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၁ဒသမ၅၅ ဘီလီယံ ရှိမည်ဟု မှန်းဆထားသည်။

**ဖော်ပြ**

ထို့အတူ တောင်အာဖရိက ထုတ်ကုန်များ အိန္ဒိယသို့ တင်သွင်းမှုမှာလည်း ၁၁ဒသမ၄၄ရာခိုင်နှုန်း ရှိကာ အမေရိကန်ဒေါ်လာ ၂ဒသမ၄၅ ဘီလီယံရှိကြောင်း တောင်အာဖရိက နိုင်ငံအစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းများ၌ ဖော်ပြသည်။

တောင်အာဖရိကနှင့် အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၀၅-၂၀၀၆ခုနှစ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၄ဘီလီယံအထိရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကြီးမားလှသည့် နာနတ်သီးပုံတူ



**ကြီးမားလှသည့် နာနတ်သီးပုံတူအား တွေ့ရစဉ်။** (ယာပုံ)

ဂိုင်ယာနာနိုင်ငံ ဂျော့(ဂျ်)တောင်းမြို့လယ်တွင်ရှိသော အဆောက်အအုံတစ်ခု၏ရှေ့၌ ပြုလုပ်ထားသည့် ဖိုင်ဘာနာနတ်သီးပုံတူမှာ အမြင့်၂၆ပေရှိပြီး အချင်း ၁၅ပေရှိကြောင်း သိရသည်။

**(အင်တာနက်)**



## စန္ဒရား ၁၀၀ကျော် ပါဝင်တီးခတ်သည့် ဖျော်ဖြေပွဲ

**တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ခုနစ်ကြိမ်မြောက် တရုတ်အနုပညာပွဲတော်တွင် စန္ဒရား ၁၀၀ကျော်ဖြင့် စုပေါင်း တီးခတ်လျက် ဖျော်ဖြေခဲ့ကြောင်း သိရသည်။** (ဝဲပုံ)

အဆိုပါ အနုပညာပွဲတော်ကို ၁၉၈၇ခုနှစ်ကပင် ပေကျင်း၊ ကူမင်း၊ လန်ကျိူ၊ ချန်ဒူးနှင့် နန်ကျင်းမြို့များတွင် ကျင်းပခဲ့သည်။

**(အင်တာနက်)**

## မြန်နှုန်းမြင့်မောင်းနိုင်သော မော်တော်ကားလမ်း နစ်ဆန်းကုမ္ပဏီ ဖောက်လုပ်

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံ၏ မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် နစ်ဆန်းမော်တော်ကားလုပ်ငန်းက ဂျပန်နိုင်ငံ မြောက်ပိုင်းတွင် တစ်နာရီ ကီလိုမီတာ ၃၀၀ကျော်အထိ မြန်နှုန်းမြင့်မောင်းနှင်နိုင်သည့် ၈ဒသမ ၁ကီလိုမီတာ ရှည်သော မော်တော်ကားများ အမြန်နှုန်းစမ်းသပ်မည့်ကားလမ်းကို ဖောက်လုပ်မှုပြီးစီးသွားပြီဖြစ်ကြောင်း နစ်ဆန်းကုမ္ပဏီက စက်တင်ဘာ ၁၁ ရက်၌ ပြောကြားသည်။

အဆိုပါလမ်းသည် ဂျပန်နိုင်ငံတွင် နစ်ဆန်းကုမ္ပဏီက ဖောက်လုပ်သည့်လမ်းများအနက် အရှည်ဆုံးလမ်းတစ်လမ်းဖြစ်ကြောင်း၊ ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၇ဒသမ ၅၂သန်းဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ခဲ့မှုမှာ ရီကုဘီဆူနှင့် ဟိုကိုင်းဒိုးအကြားတွင်ဖြစ်ကြောင်း သိရသည်။

ထိုမော်တော်ကားလမ်းတွင် မည်ကဲ့သို့သော မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်မည်ကို စမ်းသပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဥရောပတွင်လည်းပြုလုပ်မည် ဖြစ်ကြောင်း နစ်ဆန်းကုမ္ပဏီက ပြောကြားသည်။

နစ်ဆန်းကုမ္ပဏီအနေဖြင့် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် အရှည် ၉ဒသမ ၁ကီလိုမီတာရှည်သော မြန်နှုန်းမြင့်လမ်းတစ်လမ်းနှင့် ဂျပန် နိုင်ငံတွင် အခြားလမ်းနှစ်လမ်းကို ဖောက်လုပ်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

14-9 (05) 1 9/14/06, 12:51 AM

# မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ၁၂နာရီခွဲတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသော မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကား ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက်တက္ကသိုလ် (မအူပင်)က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး



ရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၆၉၆ စောင်အား ကျောင်းသူ ကိုယ်စားလှယ် တစ်ဦးကလည်းကောင်း၊ အစိုးရနည်းပညာ ကောလိပ်(မအူပင်)မှ အသင်းဝင် အဆိုပြုလွှာ ၄၈၀ အား ကျောင်းသူ ကိုယ်စားလှယ် တစ်ဦးက လည်းကောင်း၊ အစိုးရ ကွန်ပျူတာ ကောလိပ်(မအူပင်)မှ အသင်းဝင် အဆိုပြုလွှာ ၁၅၆ စောင်ကို ကျောင်းသူ ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ စက္ကူစက်ရုံ(မအူပင်)မှ အသင်းဝင်အဆိုပြုလွှာ ၃၂၅ စောင်ကို ဝန်ထမ်း ကိုယ်စားလှယ်တစ်ဦးက လည်းကောင်း၊ လျှော်ရွှေးလျှော်ထုပ်စက်ရုံ(မအူပင်)မှ အသင်းဝင် အဆိုပြုလွှာ ၂၄၉ စောင်ကို ဝန်ထမ်းကိုယ်စားလှယ် တစ်ဦးက လည်းကောင်း အသီးသီးပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံရယူပြီး အသင်းဝင် အသိအမှတ်ပြု မှတ်တမ်းများ ပေးအပ်သည်။

ဆက်လက်၍ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးနောင်နောင်နှင့် မစုစန္ဒီထွန်း၊ ဓနုဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်လျှံဖြိုးသူနှင့် မသက်ဖြိုးဆွေတို့အား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် မအူပင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများမှ အောက်စီဂျင်လေးဘူး၊ တန်ဖိုးငွေကျပ် ၆ ဒသမ ၀ သိန်း၊ မအူပင်ခရိုင် မအူပင်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ သံဃာတော်များနှင့် သီလရှင်ကျောင်းများအတွက် ဆေးပဒေသာပင် အလှူငွေ ၄၁၂၈၈၇၂ ကျပ်တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး အစည်းအဝေး ပထမပိုင်းကို မွန်းလွဲ ၂နာရီခွဲတွင် ပြီးစီးသည်။

**ဆွေးနွေးအကြံပြု**

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်က ဆောင်ရွက်ပြီး မအူပင်မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ ပန်းတနော်မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်သိန်း၊ ညောင်တုန်းမြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်မြသန်း၊ ဓနုဖြူမြို့နယ်အသင်း အတွင်းရေးမှူးဦးနိုင်ဝင်းတို့မှ မြို့နယ်အလိုက် ကဏ္ဍအလိုက် တစ်နှစ်တာဆောင်ရွက်ခဲ့မှု အစီရင်ခံစာများ တင်သွင်းကာ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစီရင်ခံစာအား ခရိုင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်က တင်သွင်းပြီး အစီရင်ခံစာများအပေါ် အသင်းကိုယ်စားလှယ်များမှ ဆွေးနွေးအကြံပြု၍ ဆုံးဖြတ်ချက်များကို အတည်ပြု မှတ်တမ်းတင်သည်။

**တက်ရောက်**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်မြို့ ပတ္တမြားသိဒ္ဓိလမ်း ကျောက်ချောလမ်း သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ကျောက်ချောလမ်းသစ်အား မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ခရိုင် အသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဆောင်ရွက်ပေးခဲ့**

အဆိုပါလမ်းမှာ အမှတ်(၁၁)ရပ်ကွက်နှင့် အမှတ်(၉)ရပ်ကွက်တို့အား ဆက်သွယ်ပေးကာ မအူပင်မြို့ ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ အလွယ်တကူသွားရောက်နိုင်သော အရှည်ပေ ၈၅၀ x အကျယ် ၁၂ ပေလမ်းဖြစ်ပြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ(၂)ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်ရာ ကွမ်းခြံ ၃ လမ်းနေ ဦးစိုးဝင်း-ဒေါ်ခင်ထွေးမှိ မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဝီရိယ(နန်းမား)ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ(၂)ဧက ဝယ်ယူရန်အတွက် အမှတ် ၂၀၃ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့နေ ဦးမောင်မောင်(၅၆)နှစ်မြောက်မွေးနေ့အဖြစ် ဒေါ်တင်တင်မြင့် MMS Trading နှင့် မြန်မာသဟာရ စက်မှုလက်မှုလုပ်ငန်းပိုင်ရှင်မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ဖြည့်စွက်ဖတ်ရှုပါရန်

**ရန်ကုန် စက်တင်ဘာ ၁၃**

စက်တင်ဘာ၁၃ရက်ထုတ် သတင်းစာများတွင်ပါရှိသော တောင်တန်းသာသနာပြု ရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲသတင်းတွင် သီဟသုဓမ္မသိင်္ဂီဒေါ်ရွှေစင်က ငွေကျပ်သိန်း ၃၀၊ သီဟသုဓမ္မသိင်္ဂီဒေါ်ဌေးညွန့်၊ သီဟသုဓမ္မသိင်္ဂီဒေါ်ခင်သန်းမြင့်၊ ဦးသက်ဇော်-ဒေါ်ထားထားနွယ်၊ ဦးတင်စိန်-ဒေါ်ကြင်သိန်းမိသားစု၊ ဦးမျိုးဆွေ-ဒေါ်မြရှင်မိသားစုတို့က ငွေကျပ်၁၀သိန်းစီ၊ ဗန္ဓုလဦးရွှေက FEC၅၀၁ဟု ဖြည့်စွက်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)**

**၁၄-၉-၂၀၀၆ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International Naws
- ၈:၄၅ ၉။ Island of Dhamma
- ၈:၅၀ ၁၀။ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၂၊ စမ်းချောင်း)(စမ်းမာလာဝတ်ရွတ်အဖွဲ့)
- ၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
- ၁၇:၀၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၁၅ ၆။ **"တန်ဖိုး"** ညီညီနေနိုင်၊ လိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ- သက်တင်)
- ၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၇:၄၅ ၉။ ၂၀၀၆ ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)(ဝါသနာရှင်အဆင့်) (အမျိုးသမီး)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သီရိဂေဟာ
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၂၃)(ဇာတ်သိမ်းပိုင်း)
- ၁၉:၅၀ ၁၄။ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၁၉)
- ၁၉။ **"ကြယ်စင်ဝန်းခ ပန်းရိုးမ" (အပိုင်း-၂) လူမင်း၊ခန့်စည်သူ၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ နွဲ့နွဲ့မူ၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။



● *ကျော့ဖုံးမှ*

စက်တင်ဘာ ၁၂ရက်က အာကာသယာဉ်မှူးများဖြစ်ကြသော မက်ကလင်းနှင့် ဝီလျံတို့က နိုင်ငံတကာအာကာသစခန်းယာဉ်အတွင်းမှ စက်ရုပ်လက်တံကို အသုံးပြုကာ ပြင်ဆင်ပေးပြီးနောက် အာကာသတွင်း လမ်းလျှောက် အတွေ့အကြုံရှိသူ အာကာသယာဉ်မှူးတန်နာက လေလုံခန်းမှ အာကာသအတွင်းသို့ ပထမဆုံးထွက်ပြီးမှ အာကာသယာဉ်မှူး ဟိုက်ပါက နောက်မှလိုက်သည်။ တန်နာနှင့် ဟိုက်ပါတို့ နှစ်ဦးသည် လိုအပ်သော တပ်ဆင်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ပထမတာဝန်မှာ ပီ-၃/ပီ-၄ ဒိုင်းခွေကို ဆက်ပေးရန်ဖြစ်သည်ဟု သိရသည်။ ၁၁ ရက်ကြာမည့် အတ္တလန်တစ်လွန်းပြန်ယာဉ်၏ ခရီးစဉ်တွင် အာကာသအတွင်း ယာဉ်မှူးများသည် နောက်ထပ် ၂၄ နာရီအတွင်း ဒုတိယအကြိမ် လမ်းလျှောက်ကြဦးမည်ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

## အယ်လ်ဇိုင်းမားရောဂါကာကွယ်ရေး သိပ္ပံပညာရှင်တို့နည်းလမ်းရှာဖွေတွေ့ရှိ

**အယ်လ်ဇိုင်းမားခေါ် မှတ်ဉာဏ်ချို့ယွင်းသည့် ရောဂါကဲ့သို့သော ရောဂါများကို ကိုယ်ခန္ဓာက မည်သို့ကာကွယ်ရမည့် နည်းလမ်းကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း သုတေသီများက ယုံကြည်သည်။**

ယိုယွင်းမှု

**မှတ်ဉာဏ်ချို့ယွင်းလာမှုနှင့်တကွ ဦးနှောက်ကလာပ်စည်း သေဆုံးမှုတို့နှင့်ဆက်စပ်နေသည့်ပရိုတိန်းအရှုပ်အထွေးအား ကိုက်ညှပ်ပစ်သည့်ဦးနှောက်အင်ဇိုင်းတစ်မျိုးကို နိုင်ငံတကာကျွမ်းကျင်သူများက တွေ့ရှိထားသည်။**

အသုံးပြု

**ထို့ကြောင့် အနာဂတ်တွင် ဤသဘာဝကာကွယ်ရေးစနစ်ကို မြှင့်တင်ပေးရန်ဆေးဝါးများ အသုံးပြုနိုင်ကြောင်း သိပ္ပံပညာရှင်များကပြောဆိုသည်။**

**ပီအက်စ်အေခေါ် အင်ဇိုင်းတစ်မျိုးက လူ့ဦးနှောက်အသားမျှင်၌ရှိသော ပရိုတိန်းအရှုပ်အထွေးကို ကိုက်ညှပ်ပစ်သည်ကို သိပ္ပံပညာရှင်များက တွေ့ရှိကြခြင်းဖြစ်သည်။ ထို့ကြောင့် ဖီအက်စ်အေသည်အယ်လ်ဇိုင်းမားရောဂါနှင့် တကွအခြားသောဦးနှောက်ဆိုင်ရာ ရောဂါများကာကွယ်ရေးတွင် အဓိကအရေးပါသည်ဟု သိပ္ပံပညာရှင်များက ကောက်ချက်ချသည်။**

(ကိုးကား-အင်တာနက်)

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# မြန်မာ့ပန်းချီလောက၌ မျိုးဆက်သစ်များစွာပေါ်ထွန်းလာ

✡ ***ကျော်ဖုံးမှ***

ပန်းချီပြပွဲသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိကာ ပါဝင်ရေးဆွဲထားသော ပန်းချီဆရာများကို တွေ့ဆုံမေးမြန်းကာ ပန်းချီကားများကို ခံစားလေ့လာဖြစ်ခဲ့သည်။

**"အမြင်သစ်စုတ်ချက်များ"** ပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၈ဦး၏ စုစုပေါင်းပန်းချီကား ၇၈ကား ပြသထားသည်။ ပန်းချီကားတိုင်း မြန်မာမှုမပျက် လက်ရာမြောက်သော ပန်းချီကားကို လေ့လာမိသည်။ ပုဂံဒေသရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် ရဟန်းငယ်နှစ်ပါး ခေါင်းလောင်းထိုးနေကြပုံဖြစ်သည်။ နံနက်ခင်းအလင်းရောင်က ခေါင်းလောင်းနှင့် ရဟန်းငယ်နှစ်ပါးအပြင် ရင်ပြင်တွင် ကျရောက်နေပုံကို ဖြူ၊ နီ၊ ဝါ၊ ခရမ်းအရောင်များသုံးပြီး အမြင်ရှင်းအောင် ခြယ်သထားသည်။ အလင်းရောင်ကျရောက်မှုကို မျက်နှာချင်းဆိုင်ရှုထောင့်မှ ဟန်ချက်ညီအောင်ဖော်ကျူး

ယနေ့မြန်မာ့ပန်းချီလောက အခြေအနေနှင့် ပတ်သက်၍ မေးမြန်းရာ "မျိုးဆက်သစ်ပန်းချီဆရာတွေ အများကြီး ပေါ်လာတယ်။ ပန်းချီနယ်ပယ်ကို ဝင်ရောက်ဖို့ကြိုးစားနေတဲ့ လူငယ်တွေလဲ ရှိနေတယ်။ လက်ရှိ ပန်းချီဆရာတွေ ဒီထက်ဆန်းသစ်၊ တွေးခေါ်ရေးဆွဲနိုင်မှ တိုးတက်မှုအဆက်မပြတ်ဖြစ်နေမယ်။ ဒါကြောင့် ပန်းချီဆရာတွေ ကြိုးစားနေဖို့ လိုအပ်တယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။



ကားများဖြစ်ရာ ပန်းချီကားတို့၏ အရည်အသွေးကြောင့် ပြခန်းတစ်ခုလုံး ထည်ထည်ဝါဝါဖြစ်နေသည်။

ပန်းချီပြပွဲ၌ ဆီဆေးပန်းချီကား ခြောက်ကား ပါဝင်ပြသထားသော ပန်းချီဉာဏ်ကြယ်အား ပန်းချီပြပွဲများ





"ကိုယ်သိထားတဲ့ အသိအမြင်၊ စိတ်ကူးနဲ့ အရောင်တွေကို ပန်းချီကားအဖြစ် ဖန်တီးထားမှုအပေါ် ပြည်သူတွေ မြင်တွေ့ခံစားစေချင်တယ်"

(ပန်းချီဉာဏ်ကြယ်)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ခင်းကျင်း ပြသရမှုနှင့် ပတ်သက်၍ မေးမြန်းရာ "မြန်မာ့ပန်းချီလောက အမြဲရှင်သန်နေဖို့၊ ပြည်သူလူထု အမြဲသိရှိစေဖို့ အတွက် ပန်းချီပြပွဲတွေ မပြတ်တမ်း ပြုလုပ်သင့်ပါတယ်။ ပန်းချီပညာကို မြတ်နိုးလွန်းလို့ သရုပ်ဆောင်လိုင်းကနေ ပြောင်းလာတာပါ။ ရုပ်ရှင်လောကမှာ ကျင်လည်ခဲ့စဉ်တုန်းက မြင်တွေ့ခဲ့ရတဲ့မြင်ကွင်းတွေ၊ ရှုခင်းတွေက ပန်းချီဆွဲတဲ့အခါ အများကြီး အထောက်အကူရပါတယ်။ ကိုယ်သိထားတဲ့ အသိအမြင်၊ စိတ်ကူးနဲ့ အရောင်တွေကို ပန်းချီကားအဖြစ် ဖန်တီးထားမှုအပေါ် ပြည်သူများ တွေ့မြင်ခံစားစေချင်လို့ ပြပွဲမှာ ပါဝင်ပြသခြင်းဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပန်းချီဉာဏ်ကြယ်၏ **"မြတ်နိဗ္ဗာန်ရည်မှန်း၍"** အမည်ရှိ ပန်းချီကားတစ်ချပ်ဖန်တီးရမှုနှင့် ပတ်သက်၍ မေးမြန်းရာ "ပန်းချီကားတစ်ချပ်ကို ဘယ်လိုပဲရေးရေး ဒီပန်းချီကားအပေါ် ကြည့်ရှုလေ့လာသူအနေနဲ့ ကျေနပ်ပီတိစေတဲ့ခံစားမှုရသတစ်ခုခုပေးစွမ်းနိုင်ဖို့ အရေးကြီးတယ်" ဟု ပြောကြားသည်။

အရောင်ဖျော့ဖျော့ စုတ်ချက်နုနုဖြင့် အောင်ကျော်ဟိန်း လက်စွမ်းပြခြယ်မှုန်းထားသော "ဖိုးသူတော်"အမည်ရှိ ပန်းချီကား။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထားပုံမှာ ကြည့်သူရင်ကို ထိမိသော အသိကို ပေးနိုင်စွမ်းရှိသည်။

## အဆက်မပြတ်

နောက်ပန်းချီဆရာ တစ်ဦးမှာ ကေကျော်ဖြစ်သည်။ ပန်းချီရေးဆွဲသက် နှစ် ၂၀ ခန့် ရှိသူဖြစ်သည်။



"မျိုးဆက်သစ်ပန်းချီဆရာတွေ အများကြီး ပေါ်ထွက်လာတယ်။ ပန်းချီနယ်ပယ်ကို ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ လူငယ်တွေလဲ ရှိနေတယ်။ လက်ရှိ ပန်းချီဆရာတွေ ဒီထက် ဆန်းသစ်ရေးဆွဲနိုင်မှ ဖြစ်မယ်"

(ပန်းချီဆရာကေကျော်)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ပေါင်းစပ်မှုအားကောင်း

**"ရှမ်းဈေး"** ပန်းချီကားမှာ ကေကျော်၏ လက်ရာဖြစ်သည်။ အခရိုင်းလစ်ဆေးကို ဓားဖြင့်ရေးနည်းအတိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ အောက်ခံအမည်းစက်ကလေးများပေါ်အောင် ဆေးခပ်ထူထူကို စုတ်ချက်ခပ်ကြမ်းကြမ်း အထိအတို့လေးများဖြင့် ပုံဖော်ထားရာ ရှမ်းပြည်နယ်ရှိ ပင်းတယဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်နေသူတို့ကို အမြင်ဆန်းစွာ တွေ့မြင်ရသည်။ ရေးဆွဲပုံဆန်းသစ်သလို အရောင်အလင်းပေါင်းစပ်မှုကလည်း အားကောင်းလှသည်။

**"ပတ္တမြားမြေ"**ဟု အမည်ပေးထားသည့် ပန်းချီကားမှာ ဆရာဆုပန်၏ လက်ရာဖြစ်သည်။ မိုးကုတ်ဒေသရှိသဘာဝမြင်ကွင်းတစ်ခုကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသည်။ အလင်းနှင့်အရောင်ကို နိုင်နင်းစွာသုံးထားမှုက ညက်ညက်ညောညော ရှိလှသည်။ ဆရာဆုပန်အား ပန်းချီ

ဆေးထူထူ စုတ်ချက်ကြမ်းကြမ်းဖြင့် အတို့အထိခြယ်မှုန်းထားသည့် ကေကျော်၏ လက်ရာ "ရှမ်းဈေး" ပန်းချီကား။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



အလင်းရောင်ကျရောက်မှုကို မျက်နှာချင်းဆိုင်ရှုထောင့်မှ ဖော်ကျူးထားသည့် ဉာဏ်ကြယ်၏ "မြတ်နိဗ္ဗာန်ရည်မှန်း၍" ပန်းချီကား။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ဆွဲဆောင်မှု

တစ်ဖန် **"နှစ်ပါးသွား"** အမည်ရှိ ပန်းချီကားကို ရေးဆွဲသူ ပန်းချီဆရာ လှမြင့်ဦးနှင့် ပန်းချီရေးဆွဲရသူ တစ်ဦး၏ အနေအထားကို မေးမြန်းရာ "ကိုယ်ရေးတဲ့ ပန်းချီကားဟာ အမြဲဆန်းသစ်နေဖို့လိုတယ်။ လမ်းဟောင်းအတိုင်း မလိုက်ဘဲ တီထွင်ဟန်နဲ့ ရေးဆွဲဖို့လိုတယ်။ ဒါမှ ပန်းချီပညာရပ် တိုးတက်မယ်၊ နိုင်ငံတကာအဆင့်ကို ထိုးဖောက်ဖို့ဆိုတာ ကိုယ်ပိုင်ဟန်နဲ့ ရိုးရာအခြေခံပန်းချီပညာအပေါ် အခြေခံပြီး ဆန်းသစ်နေဖို့လိုတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။ လှမြင့်ဦး၏ **"နှစ်ပါးသွား"** ပန်းချီကားမှာ ရိုးစင်းသောပုံရိပ် ဖြစ်သော်



ကလေးငယ်များ၏ ပင်ကိုသဘာဝကို ဓာတ်ပုံတစ်ပုံကဲ့သို့ ဖော်ကျူးထားနိုင်သည့် ပန်းချီဆရာထားဝယ်တူးတူး၏ "ကလေးဘဝ"အမည်ရှိ ပန်းချီကား၏ သက်ဝင်မှု။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

လည်း ရေးဟန်ကား ထူးခြားသည်။ အနက်ခံပေါ်တွင် ဆေးအရောင်ထူထူ၊ အချို့နေရာပါးပါး၊ စုတ်ချက်အလေးအပေါ့၊ အသော့တို့ဖြင့် ကစားထားရာ ဆန်းသစ်လှပေသည်။ ရေးဆွဲမှုဟန်ကပင် ဆွဲဆောင်မှုကောင်းလှသည်။

ထို့နောက် **"ဖိုးသူတော်"**အမည်ရှိ ပန်းချီကားလက်ရာရှင် ဆရာအောင်ကျော်ဟိန်းနှင့် ယနေ့ လူငယ်ပန်းချီဆရာလေးများအပေါ် အမြင်ကို မေးမြန်းရာ"မျိုးဆက်သစ် ပန်းချီဆရာလေးတွေအများကြီး ကြိုးစားကြရမယ်၊ ပြည်တွင်းမှာသာမက ပြည်ပကို မြန်မာ့ပန်းချီကားတွေ ရောက်အောင်စွမ်းဆောင်ကြရမယ်၊ နိုင်ငံတကာ မှ ပန်းချီပညာရပ်ဆိုင်ရာ စာအုပ်တွေ လေ့လာကြရမယ်၊ ဒါမှ တိုးတက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာသိမယ်"ဟု ပြောကြားသည်။ ခရမ်း၊ မရမ်း၊ အဖြူနှင့် အစိမ်းရောင်များကို စုတ်ချက်နုနု၊ အရောင်ဖျော့ဖျော့ဖြင့် ခြယ်မှုန်းထားရာ ဆွမ်းကပ်နေသော ဖိုးသူတော်လေးများ၏ ပုံမှာ ရုပ်လုံးကြွလျက်ရှိသည်။ အလင်းကို အရောင်ဖြင့်ပြထားပုံမှာ အပြစ်ဆိုဖွယ်မရှိအောင် ကောင်းလှပေသည်။

တစ်ဖန် ပန်းချီဆရာ ထားဝယ်တူးတူး၏ **"ကလေးဘဝ"** အမည်ရှိ လက်ရာမှာ ငယ်စဉ်ဘဝ ကလေးတို့၏ စရိုက်၊ လွတ်လပ်မှု ဟန်ပန်တို့ကို အမိအရယူကာ အပေါ်စီးမှ အမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ အနွေးရောင် အားကဲထားသဖြင့် မြေလမ်း၊ ကလေးငယ်များ၊ သစ်သားကားတို့မှာ သဘာဝကျစွာ ပေါ်လွင်လျက်ရှိသည်။ သရုပ်မှန်အနုစိတ်ရေးဆွဲထားသဖြင့် ဓာတ်ပုံတစ်ပုံကို မြင်တွေ့ရသကဲ့သို့ ခံစားရသည်။

## ဖော်ကျူး

ပန်းချီဆရာ ၁၈ဦးတို့၏ ပန်းချီကားပေါင်း ၇၈ချပ်ကို ခင်းကျင်းပြသထားရာ **"အမြင်သစ်စုတ်ချက်များ"**ပန်းချီပြပွဲကား မြန်မာ့ပန်းချီကို ဆန်းသစ်သည့် လက်ရာဖြင့် ဖော်ကျူးထားသည့် ပန်းချီကားများချည်းဖြစ်ရာ သွားရောက်လေ့လာ ခံစားသင့်ကြပါကြောင်း သတင်းစကား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



"လူငယ် ပန်းချီဆရာတွေ အများကြီး ကြိုးစားရမယ်"

(ပန်းချီဆရာအောင်ကျော်ဟိန်း)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



"ပန်းချီကားတစ်ချပ်ကို ဘယ်လိုရေးရေး၊ ဒီပန်းချီကားအပေါ် ကြည့်ရှုတဲ့လူအနေနဲ့ ခံစားမှုရသ တစ်ခုခုပေးနိုင်ဖို့ အရေးကြီး။

(ပန်းချီဆုပန်)

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## MRTV-4 အစီအစဉ်

**၁၄-၉-၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | သီရိမင်္ဂလာကမ္ဘာ့အေးစေတီ |
| ၇:၂၀ | တေးဂီတအစီအစဉ် |
| ၇:၂၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၇:၃၅ | တေးဂီတအစီအစဉ် |
| ၇:၄၀ | ထူးမြတ်ပူဇော် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် |
| ၇:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၀၀ | ကလေးတို့အတွက်လက်ဆောင် |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | တည်ငြိမ်အေးချမ်းစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ |
| ၈:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၄၅ | အားလပ်ရက်တစ်နေ့မှာ (ကိုးကန့်ရိုးရာအစားအစာ) |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ဒါရိုက်တာညိုမင်းလွင်နှင့် တွေ့ဆုံခြင်း) |
| ၁၀:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀ | ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည် |
| ၁၀:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၃၀ | ဆုရအက |
| ၁၀:၃၅ | Music Talk (ဝင်းဦး) (အပိုင်း-၂) |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၀ | စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



**ဖူးမြော်ကြည်ညို**

**ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်ကြည်းတပ် ဦးစီးချုပ် General, Sonthi˚Boonyaratglin နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုကြစဉ်။**
(သတင်းစဉ်)



**ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi˚Boonyaratglinနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။**
(သတင်းစဉ်)

■ ရှေ့ဖုံးမှ

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့ မျက်ပါးရပ်ရှိ ဂဠုန်မင်း ရွှေဆိုင်းလုပ်ငန်းသို့ ရောက်ရှိကြပြီး ရွှေပြားခတ်နေမှုကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ ဦးစိန်မြင့် ရွှေချည်ထိုးလုပ်ငန်းသို့ သွားရောက်ကြပြီး ရွှေချည်ထိုးရက်လုပ်နေမှုကိုလည်းကောင်း၊ နန်းရှေ့ရပ်ရှိ ဒေါ်စု လွန်းရာကျော်ရက်ကန်းလုပ်ငန်းသို့ ရောက်ရှိကြပြီး ရက်ကန်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

## ဂုဏ်ပြုနေ့လယ်စာတည်ခင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့အား မန္တလေးမြို့ရှိ Mandalay Hill Resort Hotel ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General,Sonthi Boonyaratglin နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

## ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဧည့်သည်တော်နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့သည် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးအေးမောင်က မြနန်းစံကျော် ရွှေနန်းတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြနန်းစံကျော် ရွှေနန်းတော်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

## ရွှေသင်္ကန်းကပ်လှူ

ထို့နောက် ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့သည် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်း ကပ်လှူကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က ဂေါပကအဖွဲ့ထံ အလှူငွေများကိုပေးအပ်လှူဒါန်းပြီး ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြသည်။

## ရန်ကုန်မြို့ရောက်ရှိ

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

## အလှူငွေပေးအပ်လှူဒါန်း

ယင်းနောက် ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဇနီး ဒေါ်ထွေးရီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal နှင့် ဇနီး၊ စစ်သံမှူး Colonel,Prissapa Suvanatat နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုကြပြီး အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မင်းဓမ္မကုန်းတော်ရှိ ဆင်ဖြူတော်ဆောင်သို့ သွားရောက်ကြပြီး ဆင်ဖြူတော်များကို ကြည့်ရှုကြရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းက ဆင်ဖြူတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

## ဖူးမြော်ကြည်ညို

ညပိုင်းတွင် ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး စေတီတော်ရင်ပြင်ရှိဧည့်ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီး သမိုင်းကြောင်းကို ရှင်းလင်းပြောကြား၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

## ကြည့်ရှုလေ့လာ

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည် ကြည့်ရှုလေ့လာကြ၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

## ပြန်လည်ထွက်ခွာ

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

## လက်ဆောင်ပစ္စည်းပေးအပ်

ရှေးဦးစွာ လေဆိပ်ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဗွီစီဒီခွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

## ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်း က ကြီးမှူးဖွင့်လှစ်သော ရန်ကုန် အနောက်ပိုင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်းပြည့်ဝတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၆)ဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ကျင်းပရာ အနောက်ပိုင်းခရိုင်ရုံး ဦးစီးအရာရှိ ဦးတင်ကို အမှာစကားပြောကြားစဉ်။**
(မြို့နယ် ပြန်/ဆက်)

# နေပြည်တော်ရှိဆည်များအတွင်း ငါးသားပေါက်များမျိုးစိုက်ထည့်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ မျိုးများဖြန့်ဖြူးပေး

နေပြည်တော် စက်တင်ဘာ ၁၃

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက နေပြည်တော်ရှိ ဆည်များအတွင်း ရေချိုပုစွန်သားပေါက်နှင့် ငါးသားပေါက်များမျိုးစိုက်ထည့်ရန် မျိုးများဖြန့်ဖြူးပေးအပ်ပွဲကို စက်တင်ဘာ၈ရက် နံနက် ၆နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့် ဝန်ကြီးဌာန ၁၈ခုသို့ ပုစွန်သားပေါက်ကောင်ရေ ၂၀၈၀၀၀နှင့် ငါးမျိုးစုံ သားပေါက်ကောင်ရေ ၅၀၀၀၀၀တို့ကို ဖြန့်ဖြူးပေးအပ်သည်။**

**စိုက်ထည့်ပေး**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ညနေ၃နာရီတွင် မကွေးတိုင်း နတ်မောက်မြို့သို့ ရောက်ရှိပြီး နတ်မောက်ဆည်၌ကျင်းပသည့် ဆည်တမံများအတွင်း ငါးမျိုးစိုက်ထည့်ပွဲသို့ တက်ရောက်၍ ဒေသခံပြည်သူများနှင့်အတူ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ခြောက်သိန်းနှစ်သောင်းကို ငါးမျိုးစိုက်ထည့်ပေးသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် ဒေသခံ ပြည်သူလူထုစားသောက်ရေးဖူလုံစေရန် မကွေးတိုင်း အတွင်းရှိ ဧရာဝတီမြစ်အတွင်းသို့ ၂၈ကြိမ်နှင့် သဘာဝအင်းအိုင်နှင့်ဆည်များအတွင်းသို့ ၉၈ကြိမ် ငါးသားပေါက်ကောင်ရေ ၂၉၅၁ဒသမ၅၃သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း တောင်တွင်းကြီးမြို့ အုန်းတော(၂)ရပ်ကွက်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးမျိုးအောင်၏ ကြာညိုပန်းနို့ချက်စက်ရုံသို့သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းဆောင်သစ်နှင့်တိုးချဲ့မြေအတွက်ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၁၀)ရပ်ကွက် ရတနာသိဃ်ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်နှင့် တိုးချဲ့မြေအတွက် အလှူတော်ငွေကျပ်သိန်း၃၀ကို လှိုင်မြို့နယ် ရန်ကုန်–အင်းစိန်လမ်းမကြီးနေ ဦးပိုမိသားစုက ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နေမိန္ဒာဘိသိရိ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ရှေ့မှောက်တွင် ရေစက်ချလှူဒါန်းသည်။ **(အောက်ပုံ)** ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုသူများ ဖုန်း–၅၂၇၆၃၃သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**





# အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) ဝါတွင်းဆွမ်းလောင်း၊ ဝါဆိုသင်္ကန်းကပ်

ရန်ကုန် စက်တင်ဘာ ၁၃

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)က အမှုဆောင်များ၊ အသင်းဝင်များနှင့် အလှူရှင်များတို့သည် စက်တင်ဘာ ၁၀ရက်နံနက်က အင်္ဂပူမြို့ရှိ ရွှေဆံတော် စေတီပရိဝုဏ်အတွင်း၌ သံဃာတော်များနှင့်သီလရှင်များအား အရဏ်မုန့်ဟင်းခါးဆွမ်းလောင်းလှူကြသည်။

**လက်ခံရယူ**

အစီအစဉ်အရ ကျောင်းတိုက်ကြီး ၁၈တိုက်မှ ကျောင်းထိုင်ဆရာတော်ကြီး ၁၈ပါးအား ပင့်ဖိတ်၍ အခမ်းအနားကျင်းပရာ ရှေးဦးစွာ အသင်းအတွင်းရေးမှူး ဦးသောင်းတင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ရှမ်းကျောင်းဆရာတော် ဘဒ္ဒန္တ ကုဏ္ဍသိရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ်သံဃာနာယက ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ရေဝတမ္မေက သြဝါဒကထာ ချီးမြှင့်ပြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ရွှေဆံတော် စေတီတော်ကြီးအား နဝကမ္မအလှူတော်ငွေကို အသင်းဘဏ္ဍာရေးမှူး ဦးထွန်းသိန်းက ပေးအပ်ရာ ဂေါပကဒုတိယဥက္ကဋ္ဌ ဦးဝင်းက လက်ခံရယူသည်။

**လှူဒါန်း**

ယင်းနောက် အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)နာယကအား အမှူးပြု၍ ရန်ကုန်မြို့ အလုံ ဆင်မင်လမ်း ငါးလုပ်ငန်းဦးစီးဝင်းအတွင်းရှိ အအေးခန်းစက်ရုံ အမှတ်(၇) လမင်းသား ကုမ္ပဏီလီမိတက် ဒါရိုက်တာ မိသားစုများကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်အောင်က မာကျူရီမီးဆလိုက် ၁၈လုံးကို ရွှေဆံတော်စေတီတော်သို့ လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးသိန်းမင်းက လက်ခံသည်။ **(အပေါ်ပုံ)**

**ဆွမ်းကပ်လှူ**

ထို့နောက် အင်္ဂပူမြို့ စံကျော်ဆရာတော်(အဂ္ဂမဟာအကျော်)ဘဒ္ဒန္တ စက္ကိန္ဒက ရေစက်ချတရားချီးမြှင့်ပြီး သံဃာတော်များအား ဆွမ်းကပ်လှူသည်။ အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၊ အောက်ကြည့်မြင်တိုင်လမ်း ရွှေလိပ်ပြာ အိမ်ရာ တိုက်အမှတ်(၁) အခန်းအမှတ်၂၀၅တွင် အသင်းနှင့်ပတ်သက်၍ ဆက်သွယ်လိုပါက ဦးမြင့်အောင် ဖုန်း–၀၉–၅၁၅၈၁၄၄သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

# သံအမတ်ကြီး ဦးကြည်သိန်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၄

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကြည်သိန်းသည် ၎င်း၏ ခန့်အပ်လွှာကို ဩဂုတ်၂၄ရက်တွင် တီဟီရန်မြို့၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာမာမွတ် အာမက်ဒိန်ရတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

# သံအမတ်ကြီး ဦးညွန့်လှိုင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၄

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညွန့်လှိုင်သည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၃၀ ရက်တွင် ဗီယင်ကျန်းမြို့၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာ လေဆိုင်ညဆွန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

# ကျွမ်းကျင်မှုဆိုင်ရာစက်မှုအလုပ်ခွင်သင်တန်းကျောင်း အထက်မြန်မာပြည်၌ဖွင့်

ရန်ကုန် စက်တင်ဘာ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာစက်မှုအလုပ်ခွင်သင်တန်းကျောင်း(အထက်မြန်မာပြည်)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၄ရက် ညနေ ၅နာရီက ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၄) မန္တလေးမြို့ အဆင့်မြင့်အလုပ်ရုံရှေ့ မျက်နှာစာတွင်ကျင်းပရာ စက်မှုအလုပ်ခွင်သင်တန်းကျောင်းဆိုင်းဘုတ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သင်တန်းခန်းမကို ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမှာစကားပြော**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က အမှာစကားပြောကြားပြီး စက်မှု(၄) ညွှန်ကြားရေးမှူး ဦးစိုင်းယီခမ်းက ကျေးဇူးတင်စကားပြောကြားသည်။

**တက်ရောက်**

အထက်ပါ သင်တန်းကျောင်းတွင် ဆည်မြောင်းဦးစီးဌာန စက်မှုဌာနခွဲမှ သင်တန်းအပတ်စဉ်(၁)ကို ကျွမ်းကျင်အဆင့်(၅) သင်တန်းသား၅၀တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်းနှင့် ယင်းသင်တန်းပြီးစီးပါက သင်တန်းများဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(လယ်ယာ/ဆည်မြောင်း)**



# ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲစာမူများ သတ်မှတ်ရက်အမီပေးပို့ရေး နောက်ဆုံးအကြိမ်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၁၃

**၂၀၀၆ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ဝတ္ထုတို၊ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်၍ ပြိုင်ပွဲဝင်စာမူများကို နောက်ဆုံးပေးပို့ရမည့်ရက်မှာ စက်တင်ဘာ၃၀ရက်ဖြစ်သဖြင့် အချိန်မီပေးပို့ကြရန် နောက်ဆုံးအကြိမ် နှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင်ထုတ်ပြန်ထားသည့်အတိုင်းဖြစ်သည်။**

**ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး ၂၀၀၆ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဩဂုတ် ၂၇ရက်က ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားရွာရှိ မြပါရမီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ လက်ပံကျေးရွာရှိ ဘဝအလင်းရောင် စာကြည့်တိုက်၊ အရှေ့အင်တိုင်းကျေးရွာတွင် ဇာတိဂုဏ်ရောင် စာကြည့်တိုက်၊ တံခါးမရွာတွင် ဖန်မီးအိမ်စာကြည့်တိုက်တို့အား ကြည့်ရှုစစ်ဆေးသည်။

**တိုက်တွန်း**

အဆိုပါကျေးရွာများမှ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခိုင်မာရှင်သန်ရေးတို့အတွက် ရပ်ရွာပြည်သူများ၊ အာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ခိုင်ဖြိုးအသင်းဝင်များ၊ ပြန်/ဆက်ဦးစီး ဌာနဝန်ထမ်းများနှင့် စုပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြော ကြားသည်။

**မှာကြား**

ထို့နောက် စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ တိုးပွားရေးအတွက် ရန်ပုံငွေရှာခြင်း၊ ပရိဘောဂများစုဆောင်းခြင်း၊ စာဖတ်ပရိသတ်တိုးပွားရန် စည်းရုံးခြင်း၊ အရည်အသွေးပြည့်ဝသည့် စာကြည့်တိုက်မှူးကောင်းရရှိရေးကိုယ်ပိုင်စာကြည့်တိုက်ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ သင်တန်းကျောင်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းသည် စက်တင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့သွားရောက်၍ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်းတို့၌ တိုင်းရင်းသားလူငယ်များ ပညာသင်ကြားနေမှု၊ တိုင်းရင်းသူများ စက်ချုပ်ပညာ သင်ကြားလေ့ကျင့်မှုတို့နှင့် ကျွေးမွေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**စာကြည့်တိုက်**

ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၇ ရက်တွင် မိုင်းလားသို့သွားရောက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားနေသော အခြေခံအဆောက်အအုံ၊ လျှပ်စစ်နှင့်ဂဟေ၊ စက်ပြင်သင်တန်းများ သင်ကြားလေ့ကျင့်နေမှု၊ သင်ထောက်ကူ စက်ကိရိယာပစ္စည်းစုံလင်စွာ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**ပညာဗိမာန်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးသည်။

**အိပ်ဆောင်များ**

ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၉ ရက်တွင် လွယ်မွေသို့သွားရောက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ တိုင်းရင်းသားလူငယ်များအားသင်ကြားလေ့ကျင့်ပေးမှုနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆရာဝန်အသင်းဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

**မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ၂၀၀၆ခုနှစ် စက်တင်ဘာ၂၃ရက် နံနက် ၁၀နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# ပဋ္ဌာန်းစွသမုပ္ပာဒ်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၃

ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နဝမအကြိမ်မြောက်ပဋိစ္စသမုပ္ပာဒ်သင်တန်းကို စက်တင်ဘာ၁၆ရက် မွန်းတည့်၁၂နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ အပတ်စဉ် စနေ၊တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂နာရီမှ မွန်းလွဲ၂နာရီအထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(၃၅၂)**



# အကောက်ခွန်ဝန်ထမ်းမိသားစုများ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

အကောက်ခွန်ဝန်ထမ်းမိသားစုများ၏ (၁၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်၈နာရီခွဲက အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်–၅၀၀)၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သီဟသူရဦးသိန်းထွန်းတင် တက်ရောက်ပြီး အကောက်ခွန်ဝန်ထမ်း မိသားစု၂၄ဦးတို့၏ သွေးလှူဒါန်းမှုများကို ကြည့်ရှုအားပေးသည်။

အစီအစဉ်အရ ဒုတိယညွှန်ကြားရေးမှူးချုပ်က သွေးလှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ဆေးရုံ၌လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းကိရိယာများဝယ်ယူရန်အတွက် အလှူငွေကျပ် တစ်သိန်းကို အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်–၅၀၀) ခေတ္တတပ်မှူး ဗိုလ်မှူးကြီးရဲသွေး**(အပေါ်ပုံ)**ထံ ပေးအပ်လှူဒါန်းရာ တပ်မှူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **(က–ပ)**

# နံ့ရှားကြိုင်လွင့် ရွှေနှင့်ယိုးမှား ဖွံ့ ဖြိုးတိုးတက်မှုများ

**"ပုပ္ပားနတ်တောင်**
**အခေါင်မြင့်ဖျား၊ စုံတောပြား၌**
**နံ့ရှားကြိုင်လွင့်၊ ခါတန်ပွင့်သည်**
**ရွှေနှင့်ယိုးမှား ပန်းစကား။"**

(ပုဂံရှေးစာဆို)

စာရေးသူတို့ကားလေးသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု မြို့တော်မှ ဗျတ္တပန်းဆက်လမ်းအတိုင်း ပုပ္ပားတောင်ကြီးဆီသို့ တလိမ့်လိမ့်မောင်းနှင်နေသည်။

ပုပ္ပားတောင်သည် ပုပ္ဖေဟိအာကိဏ္ဏော ပဗ္ဗတောပုပ္ဖာကိဏ္ဏပဗ္ဗတောဟူသော ဝစနတ္ထအရ ပုပ္ဖေဟိ၊ စကား စပယ်၊ ထားဝယ်ဇလပ်၊ ခတ္တာထပ်တရာ၊ ယင်းမာ ဒေါနဲ၊ သော်က ကြက်ရုန်း၊ ဂမုန်းသဇင်၊ ရင်ကပ်နော်ဇာ၊ ခွာညို သရဖီ၊ နှင်းဆီပန်းညို၊ ပန်းထိမ်ငို ချယား၊ စကားစိမ်း ကံ့ကော်၊ စွယ်တော် ခဝဲ၊ ပေါက်လဲ အင်ကြင်း၊ နှင်းပန်း မြတ်လေး၊ ဖွန်မွေး ကြာရုံ၊ ဂမုန်းသစ်ခွ၊ ရေစ အိုင်စမ်း၊ ရွှေပန်း ငွေပန်း၊ တောင်တန်းတစ်လျှောက် ပိတောက်ဖက်ဆွတ်စသော ပန်းအမျိုးမျိုးတို့ဖြင့် အာကိဏ္ဏောပြွမ်းသော ပဗ္ဗတောတောင်တည်း၊ ပုပ္ဖာကိဏ္ဏ ပဗ္ဗတောပုပ္ဖာကိဏပဗ္ဗတမည်သည်။ (ဝါ)ပန်းတို့ဖြင့် ပြွမ်းသောပုပ္ပားတောင်ဖြစ်သည်ဟူ၍ လေ့လာမှတ်သားရပါသည်။

ထေရဝါဒဗုဒ္ဓသာသနာ ကိုးကွယ်သော မြန်မာမျိုးနွယ်စုတို့သည် ဘီစီ-၆ ရာစုအကျော် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ အချိန်မှစ၍ ဘုရားရှင်၏ ဗျာဒိတ်တော်စကားများအတိုင်း ထိုခေတ်ထိုအခါက သာသနာကြည်ညိုလေးစားသော ရဟန်းရှင်လူပုဂ္ဂိုလ်တို့၏ ကြိုးစားအားထုတ်ချက်အရ ဗုဒ္ဓသာသနိက အဆောက်အအုံများ သမိုင်းသည့် ထင်ရှားစွာ ပေါ်ပေါက်ခဲ့ပါသည်။ ဥပမာ- ရွှေတိဂုံဘုရား၊ တန့်ကြည့်တောင်၊ ဖိုးဦးတောင်၊ ပုပ္ပားတောင်၊ စစ်ကိုင်းတောင်၊ မန္တလေးတောင်စသည့် သမိုင်းများတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

မြန်မာ့မြေပြင်ပေါ်တွင် လူနှင့်သက်ရှိသတ္တဝါတို့ လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀မှစတင်၍ ပေါ်ထွန်းခဲ့ကြောင်းနှင့် မြန်မာပြည်ကိုချစ်သော ဧရာဝတီမြစ်ကြီးသည် လွန်ခဲ့သောနှစ် ၁၅သန်းမှ ပေါ်ထွန်းခဲ့ကြောင်း ကမ္ဘာ့သမိုင်းက အထင်အရှား သက်သေပြနေပါသည်။

ရဟန်းစာဆို အရှင်ကဝိန္ဒ၏ ပုပ္ပားတောင်တော် သမိုင်းအဆိုအရ ဘိုးတော်အဠနမင်း ဖြိုခွင်းသက္ကရာဇ် ၁၂၃၊ သက်တော်အားဖြင့် ၅၅၊ ဝါတော်အားဖြင့် ၂၀ ကျော်တွင် ငါတို့ ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် မွန်ဇေတဝန်ကျောင်းတော်မှ ယူဇနာသုံးရာ ကွာဝေးသော အရှင်ပုဏ္ဏ၏ မွေးရပ်ချက်ကြွေ ဇာတိမြေဖြစ်သော သုနာပရန္တ တိုင်း(ယခု လယ်ကိုင်းကျောင်းတော်ရာ) သုပ္ပာဒကသဘော်ဆိပ် ဝါဏိဇ္ဇဂါမ ကျောင်းတော်ကို အလှူခံကြွတော်မူခဲ့လေသည်။

ထိုသို့ကြွတော်မူလာ၍ ခုနစ်ရက်သီတင်းသုံးပြီး တစ်နေ့သောအခါ အရှင်အာနန္ဒာမထေရ်ကို နောက်တော်ပါရဟန်းပြုလျက် (ပြည်)ဖိုးဦးတောင်ထိပ်သို့ ကြွရောက်တော်မူလေသည်။ ထိုအခါ သမုဒ္ဒရာရေပြင်တွင် နွားချေးခြောက်မျောလာသည်။ ပွေးငယ်တစ်ကောင်သည် နှုတ်သီးဖြင့် မြေကိုကော်၍ မြတ်စွာဘုရားအား လှူဒါန်းပူဇော်သည်။

မြတ်စွာဘုရားသည် ထိုနိမိတ်နှစ်ပါးကို မြင်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာက လျှောက်ထားတောင်းပန်လတ်သော် နိမိတ်ငါးပါး ဗျာဒိတ်တော်စကားကို ဤသို့မိန့်ကြားတော်မူသည်။

"ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ၁၀၁ နှစ်သို့ ရောက်သောအခါ မြေကြီးငလျင် ပဲ့တင်ထပ်ကာ ပြင်းစွာလှုပ်လတ္တံ့၊ ဤဖိုးဦးတောင်အရပ်၌ အင်းကြီးပေါ်လတ္တံ့၊ စမုံမြစ်ဖြစ်လတ္တံ့၊ သရေခေတ္တရာ ပြည် တည်ရာအရပ်၌ ပင်လယ်သမုဒ္ဒရာခန်းလတ္တံ့၊ ပုပ္ပားတောင် မြေမှ စုန့်စုန့်ပေါ်လတ္တံ့ဟူသော ဗျာဒိတ်ငါးပါးကို မိန့်ကြားတော်မူပြီးနောက် မြေမှစုန့်စုန့်ပေါ်တက်၍ ပေါ်ထွက်လာလတ္တံ့သော ပုပ္ပားတောင်သည် ထူးမြတ်စုံလင် ကျော်စောထင်ရှားဖြစ်လတ်သောအခါ မြေကိုလှူသော ပွေးသည် ဤကိုယ်၏အဖြစ်မှ စုတေပြီးလျှင် လူဖြစ်၍ သရေခေတ္တရာ ပြည်၌ ဒွတ္တပေါင်မင်းဟူသော အမည်ဖြင့် မြို့ပြထီးနန်းကြငှန်းလူလူ စိုက်ထူလတ္တံ့။ ထိုမင်း၏ လက်ထက်၌ ငါဘုရားသာသနာတော်သည် အခွန့်ရှည်စွာ ထင်ပေါ်ကျော်စောဖြစ်လတ္တံ့"ဟု မိန့်တော်မူခဲ့သည်။

ပုပ္ပားတောင်ကြီးသည် ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော်သက္ကရာဇ် ၁၀၁ ခုနှစ်မှ စတင်ထွက်ပေါ်လာသည်ဖြစ်၍ သာသနာသက္ကရာဇ် ၂၅၂၅ ခုနှစ်မြောက်ဖြစ်သော ကောဇာသက္ကရာဇ် ၁၃၄၃ခုနှစ်တွင် ပုပ္ပားတောင်၏ သက်တမ်းသည် ၂၄၂၄ နှစ် ရှိပြီ ဖြစ်သည်။

ကကုသန်မြတ်စွာဘုရားလက်ထက်တော်၌ (ပေါက္ကံ) ယခု ပုဂံပြည်ကို ပဏ္ဏုပလာသ၊ ပုပ္ပားတောင်ကို ပုပ္ဖရာသီတောင်ဟု ခေါ်သည်။ ကောဏာဂုံ မြတ်စွာဘုရားလက်ထက် ပုဂံပြည်ကို တမ္မကုတ္တိ၊ ဤတောင်ကို ဂန္ဓဒနတောင်ဟု ခေါ်သည်။ ကဿပမြတ်စွာဘုရားလက်ထက် ပုဂံပြည်ကို တမ္ဗဒေသ၊ ဤတောင်ကို မုတ္တမတောင်ညိုဟု ခေါ်သည်။ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ပေါက္ကံ (ပုဂံ)ပြည်၊ ဤတောင်ကို ပုပ္ပားတောင်ဟု ခေါ်သည်ဟု သိရသည်။

ပုပ္ပားတောင်တော်သည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်းတွင် ၎င်းမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ရန်ကုန်မြို့မှ ကျောက်ပန်းတောင်းသို့ ၃၉၆ မိုင် ၇ ဖာလုံကွာ၍ ရန်ကုန်မှပုပ္ပားတောင်ကလပ်အတက် ရေတင်စခန်းခေါ် ညောင်ပင်ဆိပ် ကားလမ်းခွဲအထိ ၄၀၄ မိုင် ၄ ဖာလုံ ရှိသည်။ ညောင်ပင်ဆိပ် ကားလမ်းခွဲအတက်မှ တောင်ကလပ်ခြေရင်း ကုမာရာ ရာမကျောင်းတိုက်အရောက် ၄၆၅ မိုင် ၅ ဖာလုံ ကွာဝေးသည်။ တောင်ကလပ်အတက် ညောင်ပင်ဆိပ် ကားလမ်းခွဲမှ ကုမာရာရာမကျောင်းတိုက်အထိ ၁ မိုင် ၁ ဖာလုံရှိပါသည်။ ပုပ္ပားတောင်သည် ရေမျက်နှာပြင်အထက် ၄၉၈၁ ပေမြင့်ပါသည်။

ဤပုပ္ပားတောင်ကြီးသည် အောင်မြေကိုးဌာန၊ ပလ္လင်ကိုးဌာန၊ ကုန်းကိုးကုန်း၊ ကန်ကိုးကန်၊ အံ့ဖွယ်ကိုးဖြာ၊ ရေတံခွန်စမ်းချောင်းကြီးများ၊ ရှည်လျားသောချောင်းများ၊ ရေရိုးများ၊ တောင်ကလပ်ရှိ ဂူ ၁၀ လုံးနှင့် တောင်ပေါင်းများစွာတို့ တည်ရှိသည်။

ဗျတ္တပန်းဆက်လမ်းသည် ဗျတ္တအမည်ကို ဂုဏ်ပြုဖော်ပြထားသည့် လမ်းဖြစ်ပါသည်။ ဗျတ္တသည် ပုဂံနှင့်ပုပ္ပား၂၆မိုင်ခရီးကို မာရသွန်အပြေးသမားသဖွယ် နေ့စဉ်ခြေကျင်သွားလျက် ပုဂံဘုရင်နှင့်မိဖုရားထံ ဆေးဂမုန်းပန်းများ ဆက်သရသည့် စွမ်းအားရှင် ဖြစ်ပါသည်။

ပုပ္ပားသို့ ၂၂မိုင်၊ ပုဂံသို့ လေးမိုင်၊ ကျောက်ပန်းတောင်းသို့ ၂၆မိုင်၊ နတ်မောက် ၂၉မိုင်ဟူသော လမ်းဆုံကိုကျော်ဖြတ်ခဲ့ပါသည်။ လမ်းများကသာယာချောမွေ့လှသည်။

**မိုးထက်မြင့်**
**( မြစ်ဝကျွန်းပေါ် )**

လမ်းဘေးဝဲယာတွင်တော့ အပူပိုင်းဒေသကိုးခရိုင် စိမ်းလန်းစိုပြည်ရေးမှ "ဥတုရာသီတောကိုမှီ၏"ဆိုစကားနှင့်အညီ သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေပြီး သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေသည်။ ထို့ကြောင့် မိုးနည်းရေရှားဒေသဖြစ်သည့် အညာဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၁၉၉၄ ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ၁၉၉၇ခုနှစ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၁၃ခရိုင် စိမ်းလန်းစိုပြည်ရေးအထိ တိုးချဲ့ဆောင်ရွက်လျက် ရှိသည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၌ ကွန်ကရစ်တမံကြီးများ တည်ဆောက်ရာတွင် အရည်အသွေးကောင်းမွန်ပြီး တည်ဆောက်ချိန် ကာလတိုတောင်းလျက် ကုန်ကျစရိတ်သက်သာစေရန် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို ရောနှောအသုံးပြု၍ Rcc Dam (Roller Compacted Concrete Dam)များအဖြစ် တည်ဆောက်နေပါသည်။ မြန်မာနိုင်ငံတွင် မီးတောင်ဟောင်းဒေသများ၌ သဘာဝပိုဇိုလန် အမြောက်အမြား တွေ့ရှိရသည့် ပုပ္ပားဒေသ၌ သဘာဝပိုဇိုလန်စက်ရုံ စီမံကိန်းဆောင်ရွက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဘိလပ်မြေနှင့် သဘာဝပိုဇိုလန်ကို ရောစပ်အသုံးပြုလျက် Rcc Dam တည်ဆောက်နေပါသည်။ မြန်မာနိုင်ငံတွင် သဘာဝပိုဇိုလန် တန်ချိန် ၇၄ သန်းခန့် တူးဖော်ရရှိနိုင်မည့် အခြေအနေနှင့် နိုင်ငံခြားပို့ကုန်အဖြစ် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံအတွင်းရှိ (Laboratory Building)၌ ကြိတ်ခွဲပြီး သဘာဝပိုဇိုလန်မှုန့်များ၏ အမှုန့်အရွယ်အစား (Finess) စမ်းသပ်ပြုလုပ်ခြင်းနှင့် စက်ရုံအတွင်း Ball Millနှစ်လုံးဖြင့် ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့် လုပ်ဆောင်နေပါသည်။

သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံကို ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ငရန့်ကုန်းရွာအနီး၌ တည်ဆောက်ထားပြီး ကုန်ကြမ်းထုတ်လုပ်ရာ (P1.9) ဒေသလုပ်ငန်း စခန်းမှ သဘာဝပိုဇိုလန်ပမာဏ ၃ ဒသမ ၅သန်းနှင့် (P1.13) ဒေသလုပ်ငန်း စခန်းမှ သဘာဝပိုဇိုလန်တန်ချိန် ၃၂သန်း ထုတ်ယူနိုင်မည်ဖြစ်သည်။ ကုန်ချောသိုလှောင်နိုင်သည့် ပမာဏမှာ တန် ၁၀၀၀၀ဖြစ်ပြီး စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နေ့လျှင်တန် ၁၀၀၀ ထုတ်လုပ်နိုင်ပါသည်။ ပိုဇိုလန်ကုန်ချော ထုတ်လုပ်ခြင်းကို ၂၀၀၅ ခုနှစ် ဧပြီလတွင် စတင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ စာရေးသူတို့သည် ညောင်ဦးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြကန် စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ပါသည်။

မြကန်သည် မူလတာတမံ၏ အလျှော့မှာ မတ်စောက်သည့်အတွက် တမံတွင်းဘက်အလျှောကို ၁း၂ ဒသမ ၇၅ ဖြင့် လည်းကောင်း၊ တမံအပြင်ဘက်အလျှောကို ၁း၂ ဒသမ ၅ ဖြင့် ပြန်လည်ပြုပြင်တည်ဆောက်၍ (SC)အမျိုးအစားမြေကြီးကို ဖို့မြေအဖြစ် အသုံးပြုတည်ဆောက်ထားခြင်းဖြစ်သည်။

မြကန်၏ ရေဝေရေလဲဒေသဖြစ်သည့် ညောင်ဦးမြို့နယ် တုရင်တောင်တန်းသည် စွယ်တော်တောင်၊ သက်စိုးတောင်၊ သိကြားတောင်၊ ပိုက်လုမ်းတောင်နှင့်ကန်ကြီးကုန်းတောင်တို့ပါဝင်ပြီး စုစုပေါင်းဧက ၂၇၆၀ ကျယ်ဝန်းပါသည်။ တုရင်တောင်ဒေသ၌ တမာ၊ ထနောင်း၊ ရှား၊ ဆူးဖြူ၊ ကန္တာစိမ်းစသည့် သဘာဝပေါက်ပင်များ ပေါက်ရောက်လျက်ရှိပါသည်။ သစ်တောစိုက်ခင်းအဖြစ်ဧက ၁၃၀၀ စိုက်ပျိုးပြီးဖြစ်သည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မြကန်ရေဝေရေလဲဧရိယာ၌ စိုက်ခင်းဧကပေါင်း ၄၂၀၀ကျော်၊ အပင်ပေါင်း ၉၈၈၀၀၀ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။

ဆက်လက်၍ စာရေးသူတို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်သို့ရောက်ရှိ၍ နန်းမြင့်မျှော်စင် ပုဂံရှုခင်းကြည့်ဆောင်နှင့် Open Viewing Level တို့မှနေ၍ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေကို လေ့လာကြည့်ရှုခဲ့ကြသည်။

စာရေးသူတို့သည် ညောင်ဦးမြို့သို့အပြန်တွင် ညောင်ဦးခရိုင် ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးဥယျာဉ်သို့ ဝင်ရောက်လေ့လာခဲ့ပါသည်။ စံပြပျိုးဥယျာဉ်အတွင်း ခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့ မျိုးဖောက်ခြင်း၊ ခြံစည်းရိုးကြက်ဆူရိုင်း(မြန်မာ)အသီးစိမ်း၊ အသီးမှည့်၊ အသီးခြောက်၊ အစေ့နှင့်အပင်ပေါက်များကို တွေ့ရှိရပါသည်။ စံပြပျိုးဥယျာဉ်ဧက ၁၀၀၊ ပျိုးပင် ၁၂၀၀၀၀ ထူထောင်ထားရှိမှု၊ ခရိုင်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ်၌ ၂၈၃၃၉ ဧက စိုက်ပျိုးရန်လျာထားမှု၊ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၃၆၃၃၆ ဧကနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၄၄၅၃၃ ဧကစိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း စိုက်ပျိုးရန်လျာထားဧကအတွက် မျိုးစေ့နှင့် ပျိုးကိုင်းများ လိုအပ်ချက်၊ မျိုးစေ့တင်း ၉၀ နှင့် ပျိုးကိုင်း ၃၈၅၆၄၀၀ စုဆောင်းရရှိမှု အခြေအနေနှင့် ညောင်ဦးခရိုင်အတွင်း ယခင်က ပေါက်ရောက်လျက်ရှိသော အပင်ပေါင်း ငါးသိန်းကျော်မှ ပျိုးကိုင်း ၂၉ သန်း ငါးသိန်းခန့် ရရှိမည့်အခြေအနေများကိုလည်း လေ့လာသိရှိခဲ့ရသည်။

စာရေးသူတို့သည် ငါ့သရောက်ရေလှောင်တမံသို့ ရောက်ရှိခဲ့ပါသည်။ ငါ့သရောက်တမံ တည်ဆောက်ထားသည့် ပုဂံ-ညောင်ဦးမြို့နယ်မှာ ဧရာဝတီမြစ်ကမ်းနှင့် တစ်ဆက်တစ်စပ်တည်းရှိသည်။

ငါ့သရောက် မြစ်ရေတင် လုပ်ငန်းကို ရေကူဖြည့်တင်းပေးနိုင်ရေးနှင့် စိုက်ပျိုးမြေဧရိယာများ ထပ်မံပေါ်ပေါက်လာစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ငါ့သရောက် ရေလှောင်တမံမှာ နိုင်ငံတော်၏ ၁၈၈ခု မြောက် တမံတစ်ခုဖြစ်သကဲ့သို့ မန္တလေးတိုင်းအနေဖြင့် ၄၈ခုမြောက် တမံဖြစ်ပါသည်။ မန္တလေးတိုင်းအနေဖြင့် ယခုဖွင့်လှစ်သည့် ငါ့သရောက် ရေလှောင်တမံ အပါအဝင် မြေဧရိယာစုစုပေါင်း ၇၂၃၈၈ ဧကကို ဆည်ရေဖြင့် ရာသီမရွေး စိုက်ပျိုးသွားနိုင်လျက်ရှိကြောင်း သိရှိခဲ့သည်။

စပါးပိုမိုထွက်ရှိရေးအတွက် မန္တလေးတိုင်းအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်မှစပြီး သုံးနှစ်တာကာလအတွင်း မိုးစပါးကို ဧက ၁၀ သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန် စီမံလျက်ရှိသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၈၄၀၀၀၀ ကျော်ထိ စိုက်ပျိုးပြီးဖြစ်ပါသည်။ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စာရေးသူတို့ ရောက်ရှိခဲ့ချိန်အထိ မိုးစပါး ဧကခုနစ်သိန်းကျော် စိုက်ပျိုးထားပြီးဖြစ်သည်။

ငါ့သရောက် ရေလှောင်တမံကို ငါ့သရောက် မြစ်ရေတင်စီမံကိန်း၊ ကျောက်ကူးမြစ်ရေတင်စီမံကိန်း၊ လက်ပန်ခြေပေါ် မြစ်ရေတင်စီမံကိန်း၊ လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၊ မြကန်ရေလှောင်တမံတို့နှင့် ဆက်စပ်ပြီး ညောင်ဦးခရိုင် ရေရရှိရေးစီမံကိန်းတစ်ခုအဖြစ် အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ငါ့သရောက်ရေလှောင်တမံ တည်ရှိသည့်နယ်မြေ၏ ကျေးရွာအုပ်စုသုံးစုမှာ ပထမတစ်သီး မိုးမြေပဲဧက ၁၀၀၀၊ မိုးလယ်တွင် နှမ်းကို ဧက ၁၀၀၀ စိုက်ပျိုးခဲ့သည်။ ယခုဆိုလျှင် ရေလှောင်တမံက ရရှိလာမည့်ရေနှင့် ပထမတစ်သီး မိုးပဲတီစိမ်းဧက ၂၀၀၀၊ ဒုတိယတစ်သီး မိုးစပါးဧက ၅၀ နှင့် မြေပဲဧက ၁၉၅၀ စုစုပေါင်းသီးနှံစိုက်ဧက ၄၀၀၀ အထိ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ မူလက ဧက ၂၀၀၀ တွင် စုစုပေါင်းသီးနှံစိုက်ဧကကို နှစ်ဆတိုးပြီး စိုက်ပျိုးလာနိုင်တော့မည် ဖြစ်သည့်အတွက် သီးနှံစိုက်စွမ်းအားမှာလည်း ၂၀၀ ရာခိုင်နှုန်းအထိ တိုးတက်လာပါတော့မည်။

ငါ့သရောက် ရေလှောင်တမံသည် ရေဆင်းဧရိယာ ၅၄ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၁၁၈၈၀ ရှိသည့် ချောင်းမကြီးချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူပေးသွားမည်ဖြစ်သည်။ ငါ့သရောက်ရေလှောင်တမံ၏ မြေသားတမံသည် အလျားပေ ၇၅၅၀၊ တမံအမြင့် ၆၄ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၀၀၀ ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အကျိုးပြုဆည်ရေပေးဝေနိုင်သည့် ဧရိယာမှာ ဧက ၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

မန္တလေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို ပုပ္ပားဒေသတစ်ဝိုက်တွင်လည်း ပီပီပြင်ပြင် ထင်ထင်ရှားရှား လေ့လာမြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပရီမီယာလိဂ် ပွဲစဉ်(၅) ထိပ်သီးအသင်းကြီးများ ဆုံကြပြီ

**ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ၁၆နှင့်၁၇ရက်များတွင် ဆက်လက်ကစားမည်ဖြစ်ရာ ပရီမီယာလိဂ်အသင်းကြီးများဖြစ်သည့် ချယ်လ်ဆီးနှင့် လီဗာပူး၊ မန်ယူနှင့် အာဆင်နယ်တို့ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ကြပြီဖြစ်သကဲ့သို့ ကျန်အသင်းများလည်း ပြိုင်ဘက်ကောင်းများနှင့် အကြိတ်အနယ်ကစားရမည်ဖြစ်သည့်အတွက် ပွဲစဉ်(၅)သည် စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်လာသည်။**

## ချယ်လ်ဆီးနှင့်လီဗာပူး

ယမန်နှစ်က ချယ်လ်ဆီးကွင်း၌ ရလဒ်သည် နှစ်ဂိုး-ဂိုးမရှိဖြစ်ရာ ခြေအတက်အကျဖြစ်နေသော လီဗာပူးတို့ ယခုပွဲ၌လည်း ရှုံးကြွေးဆပ်နိုင်မည်မဟုတ်ချေ။ ပုံမှန်ခြေကိုရအောင် ကြိုးစားနေသော ချယ်လ်ဆီးတို့လီဗာပူးကို အိမ်ကွင်း၌ အနိုင်ကစားမည်သာဖြစ်သည်။

ချယ်လ်ဆီးတွင် ဒရော့ဘာက ဂိုးသွင်းနိုင်သလို အဝင်အထွက်လည်း ရဲသူဖြစ်ရာ လီဗာပူးတို့ခံစစ်ကြောင်းကို ရအောင်ထိုးဖောက်ကစားမည်သာဖြစ်သည်။ ချယ်လ်ဆီးနောက်တန်းသည် ပရီမီယာလိဂ်၌ အတောင့်တင်းဆုံးဖြစ်ရာ လီဗာပူးတိုက်စစ်မှူးများ အလွယ်တကူကျော်ဖြတ်ဂိုးသွင်းရန် လွယ်ကူမည်မဟုတ်ချေ။

မစ်ဒယ်ဘရော့ကိုရှုံးပြီးနောက်ပိုင်း ပွဲတိုင်းအလေးထားပြင်ဆင်လာခဲ့သော မော်ရင်ဟိုလည်း လီဗာပူးကို လျှော့တွက်ပြီး ကစားမည်မဟုတ်ရာ အနိုင်ရရေးကိုဦးတည်ပြီး သူ၏နာမည်ကျော်ကစားသမားများဖြစ်သည့် ဒရော့ဘာ၊



ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို။

ရှက်ဗ်ချင်ကို၊ ဘောလက်၊ လမ်းပတ်၊ တယ်ရီစသည့် အမာခံကစားသမားကို ပွဲထုတ်ကစားမည်ဖြစ်သည်။

သို့သော် လီဗာပူးတို့ကလည်း ချယ်လ်ဆီးကို တကယ့်ပွဲကောင်းများ၌ ကောင်းကောင်းဒုက္ခပေးတတ်သည့် သင်ခန်းစာများလည်းရှိနေရာ ချယ်လ်ဆီးကို မည်သည့်ကစားကွက်နှင့် ရင်ဆိုင်ရမည်ကို လီဗာပူးနည်းပြ ဘင်နီတက်ဇ်က သိထား၍ နှစ်သင်းစလုံး အမှားမခံသည့်ပွဲပင် ဖြစ်သည်။

## မန်ယူနှင့် အာဆင်နယ်

သရေပွဲ၊ ရှုံးပွဲများနှင့်နပန်းလုံးနေသော အာဆင်နယ်တို့လည်း လက်ရှိခြေစွမ်းနှင့် မန်ယူကိုရင်ဆိုင်ရန် မလွယ်ချေ။ သုံးပွဲကစား တစ်ပွဲမျှ နိုင်ပွဲမရသေးသော အာဆင်နယ်ကို ခြေတက်နေသော မန်ယူတို့ အနိုင်ယူမည်သာဖြစ်သည်။ လူငယ်ဖြင့် နိုင်ပွဲများကို ဆက်တိုက်ယူနေသော မန်ယူသည် ယခုနှစ်၌ ခြေစွမ်းအမှန်ဆုံး အသင်းဖြစ်သလို ဂိုးသွင်းစွမ်းရည် အမြင့်ဆုံးလည်း ဖြစ်နေသည်။

မန်ယူ၏အားသာချက်မှာ ယခင်နှစ်များကဲ့သို့ ဒုတိယပိုင်း ပွဲချိန်၌ ကစားအားကျမသွားဘဲ ပွဲချိန်ပြည့် အင်တိုက်အားတိုက်ကစားနိုင်ခြင်းဖြစ်သည်။ မန်ယူ၏ ရွှန်နေ၊ ဆာဟာ၊ ဖလက်ချာနှင့် စီရိုနယ်ဒိုတို့က ယခုအခါ မန်ယူ၏ အမာခံဘောလုံးသမားများဖြစ်လာနေပြီး ပွဲရလဒ်ကို ကောင်းအောင်ဖန်တီးနိုင်စွမ်းရှိနေပြီ ဖြစ်ရာ မန်ယူသည်တက်သစ်စအသင်းတစ်သင်းလို ဖြစ်နေသည်။

မန်ယူနောက်တန်းမှ ဖာဒီနန်တို့ကလည်း အမှားနည်းအောင်၊ ခံစစ်လုံအောင်ကစားနိုင်ပြီး စပါးမှ ခေါ်ယူထားသည့် မိုက်ကယ်ကာရစ်ကလည်း ကွင်းလယ်တွင် အံဝင်ခွင်ကျကစားနိုင်နေရာ မန်ယူသည် ရှေ့၊ လယ်၊ နောက်ညီညွတ်သည့် အသင်းဖြစ်လာသည်။ သို့သော် မန်ယူ၏လက်ရှိအားနည်းချက်မှာ ရှေ့တန်းတိုက်စစ်မှူးများက အပိုင်ဂိုးသွင်းခွင့်များကို လူငယ်များပီပီ ဆန္ဒစောနေမှုကြောင့် လွဲချော်နေတတ်ကြခြင်း ဖြစ်သည်။

အာဆင်နယ်လိုအသင်းနှင့် ကြုံရာတွင်မန်ယူတို့ ဂိုးသွင်းခွင့် အခွင့်အရေး ဖောဖောသီသီရမည်မဟုတ်ရာရသည့် အခွင့်အရေးကို မန်ယူတိုက်စစ်မှူးများ အပိုင်အသုံးချဖို့ အရေးကြီးနေသည်။ မန်ယူကွင်း၌အာဆင်နယ်တို့ပြီးခဲ့သည့် ရာသီက ရလဒ်မှာ နှစ်ဂိုးပြတ်ရှုံးထားခြင်းဖြစ်ရာ ယခုနှစ်တွင် နောက်တန်း မတည်ငြိမ်၊ ကွင်းလယ် ဖန်တီးမှုမှာလည်းအားရဖွယ်မရှိသည့်အပြင် တိုက်စစ်မှာလည်း ယခင်လို မထက်မြက်သည့် အာဆင်နယ်တို့ မန်ယူကို အနိုင်ယူရန် အခွင့်အရေးနည်းလှသည်။

## ချာလ်တန်နှင့် ပို့စ်မောက်

လေးပွဲကစား တစ်ပွဲမျှ ရှုံးပွဲမရှိသေးသော ပို့စ်မောက်၏ခြေစွမ်းကား အံ့ဖွယ်ဖြစ်နေသည်။ အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းပြနေသော ပို့စ်မောက်ကား အဝေးကွင်း၌ မစ်ဒယ်ဘရော့ကို လေးဂိုးပြတ်သွင်းပြီး အဝေးကွင်း၌ပင် မန်စီးတီးကို သရေကစားထားခဲ့ရာ ပရီမီယာလိဂ်အသင်းကြီးများ သတိပြုဖွယ်ဖြစ်နေသည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကပင် ပို့စ်မောက်ခြေ ဒီနှစ်သိပ်ကောင်းတယ်ဟု မှတ်ချက်ပြုထားရသည်ဖြစ်ရာ ချာလ်တန်ကိုသူ့အိမ်ကွင်း၌ ဖြစ်သော်လည်း ပို့စ်မောက်တို့ အနိုင်ရအောင် ကစားမည်သာဖြစ်သည်။

ပို့စ်မောက်တွင် ကနူး၊ အမ်ဝါရူဝါရီနှင့် တိုဒေါဗိုတို့က ကြုံသလို ဂိုးသွင်းတတ်ကြရာ ချာလ်တန်နောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းကြမည်ဖြစ်ပြီး နိုင်ပွဲရအောင်ယူကြမည်သာဖြစ်သည်။

## အဲဗာတန်နှင့် ဝီဂန်

အဲဗာတန်ကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိ အနိုင်ယူခဲ့သည့် မနှစ်ကရလဒ်ရရှိရန် ဝီဂန်တို့ ယခုနှစ်၌မလွယ်ချေ။ အဲဗာတန်သည် ရာသီအစပွဲစဉ်များ၌ ခြေမှန်နေတတ်သည်ဖြစ်ရာ ယခုလေးပွဲကစားပြီးချိန်၌ တစ်ပွဲမျှမရှုံးသေးချေ။ အဲဗာတန်တွင် တင်ကာဟေးနှင့် ဂျွန်ဆင်တို့က ပွဲတိုင်းဂိုးသွင်းနေကြရာ ဝီဂန်ကို အဲဗာတန်တို့ အနိုင်ရမည်ဖြစ်သည်။ အဲဗာတန်၏ အားသာချက်မှာ နောက်တန်းခံစစ်တောင့်တင်းခြင်း



**စီရိုနယ်ဒို**

**မန်ယူတိုက်စစ်မှူးလေး စီရိုနယ်ဒို။**

ဖြစ်သည်။ ဝီဂန်မှ ဟက်ကေးနှင့် မက်ကူလော့တို့ကို ကောင်းကောင်း ထိန်းနိုင်စွမ်းရှိသည်။

အဲဗာတန်တို့ အိမ်ကွင်း၌ အနိုင်ရမည်ဖြစ်သော်လည်း အဖျက်အထုတ်ကောင်းသော ဝီဂန်ခံစစ်မှူးများကြောင့် အဲဗာတန်တို့ ဂိုးမပြတ်နိုင်ပါချေ။

## ဘလက်ဘန်းနှင့် မန်စီးတီး

ဘလက်ဘန်းနှင့် တွေ့တိုင်းရှုံးနေတတ်သော မန်စီးတီးတို့ သုံးပွဲကစားပြီးချိန်တွင် တစ်ပွဲသာအနိုင်ရရှိထားရာ ဘလက်ဘန်းကို ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ သို့သော် ဘလက်ဘန်းကလည်း ယခုနှစ်ခြေစွမ်းတက်မလာဘဲ လေးပွဲကစားပြီးချိန်၌ နိုင်ပွဲတစ်ပွဲမျှမရသေးရာ အိမ်ကွင်းဖြစ်သော်လည်း မန်စီးတီးအလွယ်တကူ အနိုင်မရနိုင်ချေ။ ပြီးခဲ့သည့်နှစ်က အိမ်ကွင်း၌ဘလက်ဘန်းတို့ နှစ်ဂိုးပြတ်ဖြင့် မန်စီးတီးကို အနိုင်ယူထားသော်လည်း ယခုပွဲ၌ ရှုံးပွဲနှင့်မကြုံအောင်ပင်ကြိုးစားရမည်ဖြစ်သည်။ မန်စီးတီးသည် ကစားအားရှိသောအသင်းဖြစ်ရာ ယခုပွဲမန်စီးတီးတို့ အရေးသာနိုင်မည့်အနေအထားရှိသည်။

## ဘော်လ်တန်နှင့် မစ်ဒယ်ဘရော့

အကြိတ်အနယ်ရှိမည့် ပွဲကောင်းပင် ဖြစ်သည်။ ဘော်လ်တန် ခြေစွမ်းပြပြီး နိုင်ပွဲများရှိနေရာ မစ်ဒယ်ဘရော့ကို အနိုင်ရဖွယ်ရှိသည်။ မစ်ဒယ်ဘရော့အသင်းခြေတွေ့လျှင် ဘော်လ်တန်တို့လည်း အကျပ်အတည်းနှင့်ကြုံတွေ့နိုင်ရာ ခြေရည်တူနေသောအသင်းများဖြစ်သဖြင့် သရေပွဲလည်းဖြစ်သွားနိုင်သည်။ မနှစ်က တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော မှတ်တမ်းလည်းရှိနေရာ ယခုပွဲလည်း သရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူရန် အခြေအနေရှိသည်။

## စပါးနှင့် ဖူလ်ဟမ်

ယခုနှစ်၌ စပါးတို့လည်း ခြေပျက်နေသည်။ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်လည်း ဒဏ်ရာသက်သာလျှင် ကစားမည်ဖြစ်သည်။ ပြီးခဲ့သည့် ရှက်ဖီးလ်နှင့်ပွဲစဉ်၌ ခြေထောက်ဒဏ်ရာ အနည်းအငယ်ရရှိထားရာ ယခုပွဲကစားနိုင်လျှင် စပါးတိုက်စစ်ကောင်းလာမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က စပါးကွင်း၌ ဖူလ်ဟမ်ကို အနိုင်ကစားခဲ့သော်လည်း ပုံမှန်ခြေစွမ်းရနေသော ဖူလ်ဟမ်ကို စပါးတို့ အနိုင်ယူရန် မလွယ်ချေ။ စပါးကို ဖူလ်ဟမ်တို့ ရှုံးကြွေးဆပ်မည့် ခြေစွမ်းရှိနေသည်။

## ဝက်စ်ဟမ်းနှင့် နယူးကာဆယ်

ဝက်စ်ဟမ်းတွင် ဇာမိုရာကပွဲတိုင်း ဂိုးသွင်းနေရာ ဝက်စ်ဟမ်းတိုက်စစ်သည် ထက်မြက်လျက်ရှိသည်။ နယူးကာဆယ်တို့ စုစည်းမှုအားနည်းနေရာ ဝက်စ်ဟမ်းကွင်း၌ အနိုင်ရရှိရေး ခက်ခဲနေသည်။ နယူးကာဆယ် တိုက်စစ်တွင် ပါကာနှင့် အမီယိုဘီတို့ရှိနေသော်လည်း ဝက်စ်ဟမ်းကို အနိုင်ဂိုးများရရှိရေးအခက်အခဲနှင့်ကြုံရမည်ဖြစ်သည်။ ဝက်စ်ဟမ်းနောက်တန်းသည် အင်နှင့်အားနှင့် ဖျက်ထုတ်သည်ဖြစ်ရာ နယူးကာဆယ်တိုက်စစ်မှူးများ ဂိုးသွင်းခွင့်အခွင့်အရေး နည်းပါးမည်ဖြစ်သည်။ သို့သော် ပြီးခဲ့သည့်နှစ်ရလဒ်မှာ နယူးကာဆယ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူထားသည်ဖြစ်ရာ အကြိတ်အနယ်ရှိမည့်ပွဲဖြစ်သည်။

## ရှက်ဖီးလ်နှင့် ရီဒင်း

လူသစ်တန်းနှစ်သင်းဆုံတွေ့သောပွဲဖြစ်သည်။ ယခုနှစ်မှ ပရီမီယာလိဂ်သို့ တက်လာသော်လည်း ရီဒင်းတို့ ခြေကမည့်ချေ။ ရီဒင်းတွင် ကစ်ဆင်၊ ဆစ်ဝဲလ်နှင့် လီတာတို့က ဂိုးသွင်းနိုင်ကြသည်။ အဝေးကွင်းဖြစ်သော်လည်း ရီဒင်းတို့ နိုင်ပွဲရမည်ဖြစ်သည်။ ရှက်ဖီးလ်တို့ လေးပွဲကစား တစ်ပွဲမျှအနိုင်မရသေးရာ တန်းမဆင်းရရေး အတော်ပင် ရုန်းကန်ရမည်ဖြစ်သည်။

## ဝက်ဖို့ဒ်နှင့် ဗီလာ

အက်စတွန်ဗီလာတို့ အဝေးကွင်းဖြစ်သော်လည်း အနိုင်ယူမည့်ပွဲဖြစ်သည်။ ဗီလာ၏ ခြေစွမ်းမှာ တိုးတက်လာလျက်ရှိရာ ဘာရီ၊ အိန်ဂျယ်နှင့် ရက်ဂီဝယ်တို့က ဂိုးသွင်းနိုင်ကြ၍ ဝက်ဖို့ဒ်တို့ ဂိုးမပြတ်ရေးသာ အာရုံစိုက်ရတော့မည်ဖြစ်သည်။ ဗီလာတို့ နိုင်ပွဲဆက်ဖွယ်ရှိသည်။ ။

**(အင်တာနက်)**

**သုံးသပ်တင်ပြသူ**

**မောင်ချစ်ကြည်**

# တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဖုန်များ၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

## ယှဉ်ပြိုင်ကစား

(က)အုပ်စု ရတခဖုန်(မော်လမြိုင်) ရာမည အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

## အနိုင်ရရှိ

(ခ)အုပ်စု နတခဖုန်(ပုသိမ်) ဧရာဝတီတိုင်း အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊(ဂ)အုပ်စု နမခဖုန်(မုံရွာ) နမခ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊(ဃ)အုပ်စု လပခဖုန် (မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဖုန်(တောင်ငူ) တပခ အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က ပြုလုပ်ရာ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ထွန်းနောင်လင်းအား ဧရာဝတီတိုင်း ပညာရေးမှူး ဦးခင်မောင်ရီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

# ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရွှေကျင်မြို့နယ်၏ ၁၅၅ နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျင်းပရေးကော်မတီကို ဥက္ကဋ္ဌ ဦးဝင်းနွယ်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးတင်ရွှေနှင့်အဖွဲ့ဝင်များ ပါဝင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

## ပင့်ဆောင်ပူဇော်

ယခုနှစ်ကျင်းပမည့် သီတင်းကျွတ်မီးမျှောပွဲတော်တွင် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား သီတင်းကျွတ်လဆန်း ၁၃ရက်၌ မြို့တွင်းသို့ ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ရက် ရွှေကျင်ချောင်းအတွင်း ကျင်းပမည့် ရေပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာ လှော်ကားတော်ကြီးလှေကဦးဆောင်ပြီး ပွဲကုန်းရပ်ကွက်၊ တံခွန်တိုင်၊ ဒုံဇရစ်၊ ဝိုင်ပျဉ်ရေကျေးရွာများမှ အမျိုးသား၊ အမျိုးသမီးတက်ပျံယိမ်းများ၊ ပန်းဘဲတန်း၊ မကျည်းတန်းရပ်ကွက်၊ တောင်ဘက်၊ အနောက်ဘက်ကျေးရွာများမှ အမျိုးသမီးတက်ခုတ်ယိမ်းများ၊ ရွှေကျင်တပ်နယ်၊ ပညာရေး၊ ပျဉ်းမပင်၊ ညောင်ဝိုင်းတရုတ်တန်း ရပ်ကွက်များမှ ယိမ်းအကများ၊ ရှမ်းကြေးရပ်ကွက်မှ ကရင်ဒုံးယိမ်း၊ ဝင်းခနိမ်ကျေးရွာမှ ရှမ်းရိုးရာယိမ်းများဖြင့်ပါဝင်ကြကာ ငါးတက်လှေလှော် ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ထို့ပြင် ရောင်စုံမီးကြာခွက်ရေ ငါးသောင်းဖြင့် မီးမျှောပူဇော်ကြမည်ဖြစ်သည်။

## ဆက်သွယ်နိုင်

ပွဲတော်တွင် ပျော်ပွဲရှင်ပွဲများ ဇာတ်အငြိမ့်၊ လက်ဝှေ့ပြိုင်ပွဲ တင်သွင်းလိုသူများနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို ရည်းစူး၍ လှူဒါန်းလိုသူများသည် ဖုန်း-၀၅၂-၄၂၀၀၈နှင့် ၀၅၂-၄၂၀၃၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ချယ်လ်ဆီးချန်ပီယံလိဂ်ဖလားရခဲ့လျှင် အသင်းမှထွက်ခွာသွားမည်မဟုတ်ဟု မော်ရင်ဟိုပြောကြား



ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

ရေးသားတင်ပြသူ
မြင့်မောင်စိုး

**လန်ဒန် စက်တင်ဘာ ၁၃**

ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့လျှင် ချယ်လ်ဆီးမှ ထွက်ခွာလိမ့်မည် မဟုတ်ကြောင်း မော်ရင်ဟိုက ကတိပြုပြောကြားလိုက်သည်။

မော်ရင်ဟိုသည် ၂၀၀၄ ခုနှစ်က ပေါ်တိုအသင်းကို ဥရောပချန်ပီယံဖလား ဆွတ်ခူးပေးပြီးနောက် ချက်ချင်း ချယ်လ်ဆီးသို့ ထွက်ခွာခဲ့သည်။

မော်ရင်ဟိုအား ရာသီအကုန် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့လျှင် အလားတူအပြုအမူများဖြင့် ချယ်လ်ဆီးကို ကျောခိုင်းသွားလိမ့်မည်ဟု ဘောလုံးဝါသနာရှင်များက ထင်ကြေးပေးနေကြသည်။

မိမိသည် ပေါ်တိုတွင် အမှားတစ်ခု ပြုလုပ်မိခဲ့ကြောင်း၊ ဥရောပချန်ပီယံဖြစ်လျှင် ထိုအသင်းကို စွန့်ခွာသည် ဆိုသည့် ထင်ကြေးမှာ မှန်ကန်မှုမရှိကြောင်း မော်ရင်ဟိုက ပြောကြားသည်။

မိမိသည် ချန်ပီယံလိဂ်ဖလားကိုလည်း ရခဲ့လျှင် တိုက်ကြီးများဖလားကိုလည်း ရယူလိုကြောင်းဖြင့်လည်း ၎င်းကပြောသည်။ **(အင်တာနက်)**

## ချန်ပီယံလိဂ်ဖလား နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲရန် လက်ရှိချန်ပီယံ ဘာစီလိုနာအသင်း မျှော်လင့်

**လန်ဒန် စက်တင်ဘာ ၁၃**

ဘာစီလိုနာအသင်းသည် ဥရောပ ချန်ပီယံလိဂ်ဖလားကို ၁၇နှစ်တာ ကာလအတွင်း ပထမဆုံးဖလားရယူခဲ့ပြီဖြစ်ရာ လာမည့်နှစ် မေလတွင်လည်း ဂရိနိုင်ငံ အေသင်မြို့၌ ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ အရောက်လှမ်းကာ နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲရန် မျှော်မှန်းထားကြောင်း ဘာစီလိုနာကလပ်အသင်းက ပြောကြားသည်။

**အောင်မြင်မှုလမ်းစ**

အေစီမီလန်အသင်းသည် ၁၉၈၉ ခုနှစ်နှင့် ၁၉၉၀ပြည့်နှစ်တို့တွင် နှစ်နှစ်ဆက်တိုက် ဥရောပချန်ပီယံဖြစ်ခဲ့သည်။ သို့ရာတွင် ဘာစီလိုနာအသင်းသည် ယင်းချန်ပီယံလိဂ်ဖလားရရှိရန် နှစ်များစွာကြာခဲ့သည်။ ချန်ပီယံလိဂ်ဖလားအတွက် ငွေကုန်ကြေးကျအကုန်ခံထားသော ချယ်လ်ဆီး၊ ၁၉၉၉ ခုနှစ် ချန်ပီယံ မန်ယူ၊ ၂၀၀၅ ခုနှစ် ချန်ပီယံလီဗာပူးနှင့် ပြီးခဲ့သောရာသီက ဗိုလ်လုပွဲရောက် အာဆင်နယ်တို့သည် ချန်ပီယံလိဂ်သရဖူ ပိုင်ဆိုင်ရေးအတွက်အကြိတ်အနယ်နွှဲကြလိမ့်မည်ဖြစ်သည်။ စပိန်မှ ရီးရဲမက်ဒရစ်အသင်းသည်လည်း (၁၀)ကြိမ်မြောက် ဥရောပချန်ပီယံဖြစ်ရန် စတင်၍ အောင်မြင်မှုလမ်းစကို ရှာဖွေလိမ့်မည်ဖြစ်သည်။

အီတလီမှ အေစီမီလန်နှင့် အင်တာမီလန်တို့လည်း ချန်ပီယံလိဂ်ဖလား ပိုင်ဆိုင်ရေးအတွက်အလေးထားကစားကြလိမ့်မည်ဖြစ်သည်။

ပြင်သစ်ဖလား ငါးကြိမ်ရ လီယွန်အသင်းသည်လည်း လွန်ခဲ့သော သုံးနှစ်က ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။ **(အင်တာနက်)**



**ယမန်နှစ်က ဘာစီလိုနာအသင်း ပါရီမြို့၌ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့စဉ်က ဘာစီလိုနာအသင်းခေါင်းဆောင် ကာလက်စ်ပူယိုးလ် အသင်းသားများနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

## ဩစတြေးလျ လက်ရွေးစင်အသင်းတွင် ဗီဒူကာပြန်လည်ကစားမည်

**ဆစ်ဒနီ စက်တင်ဘာ ၁၃**

ဩစတြေးလျအသင်းခေါင်းဆောင် မက်ခ်ဗီဒူကာသည် လက်ရွေးစင်ဘောလုံးသမားဘဝမှ အနားယူရန် စီစဉ်ပြီးနောက် ၂၀၀၇ အာရှဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားလာသည်။

**စီစဉ်ထားခဲ့**

အသက် ၃၀အရွယ် တိုက်စစ်မှူး ဗီဒူကာသည် မစ်ဒယ်ဘရော့၌ ကစားနေစဉ် ဩစတြေးလျ ကစားသမားဘဝ အဆုံးသတ်ရန် စီစဉ်ထားခဲ့သည်။ သို့ရာတွင် ၎င်း၏ဇနီး ကလေးမွေးဖွားမည့် အောက်တိုဘာလ နောက်ပိုင်း ဩစတြေးလျအသင်းသို့ ပြန်လည်ပါဝင်ကစားရန် မျှော်လင့်ထားသည်။ ဗီဒူကာသည် ဩစတြေးလျအသင်းတွင် ၃၂ပွဲပါဝင်ကစားခဲ့ပြီး ခြောက်ဂိုးသွင်းပေးခဲ့သည်။ ပြီးခဲ့သော ကမ္ဘာ့ဖလားတွင် ဩစတြေးလျအသင်းအား နောက်ဆုံး ၁၆သင်းအထိ ပို့ပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

## ချန်ပီယံလိဂ်အုပ်စုပွဲများစတင်ယှဉ်ပြိုင် ဘာစီလိုနာနှင့် ချယ်လ်ဆီးနိုင်ပွဲရ၊ လီဗာပူး သရေပွဲကျ

ခုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် စက်တင်ဘာ ၁၃

**ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်က စတင်ကစားရာ အုပ်စု(၁)မှ ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ နိုင်ပွဲရကာ အုပ်စု(၂)မှ ဘိုင်ယန်မြူးနစ်နှင့် စပို့တင်းတို့လည်း အနိုင်ရရှိခဲ့ပြီး အုပ်စု(၃)မှ ဂါလာတာစာရေးနှင့် ဘော်ဒိုး၊ ပီအက်စ်ဗွီနှင့် လီဗာပူးတို့ ဂိုးမရှိသရေပွဲကျခဲ့ပြီး အုပ်စု(၄)မှ ဗလင်စီယာနှင့် ရိုးမားတို့ နိုင်ပွဲများ ရရှိခဲ့ကြသည်။**

**ဘာစီလိုနာနှင့် လက်ဗ်စကီးဆိုဖီယာ**

ဘာစီလိုနာတို့က ဘူလ်ဂေးရီးယားကလပ် လက်ဗ်စကီးဆိုဖီယာကို ဂိုးမိုးရွာနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ဘာစီလိုနာသည် ပွဲစတင်သည်နှင့် ကစားကွက်ကို စီးကာ တိုက်စစ်ဖွင့်ကစားခဲ့သဖြင့် ပွဲအစခုနစ်မိနစ်မှာပင် ဘာစီလိုနာ ကွင်းလယ်ကစားသမား အင်ဒရက်စ်အီနေစတာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ရော်နယ်ဒင်ဟို၊ အီတူး၊ မိုတာ၊ လူဒိုဗစ်နှင့် ဒေကိုတို့က အချိတ်အဆက်မိမိ အပေးအယူမှန်မှန်ဖြင့် ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန် ၃၉မိနစ်တွင် လူဒိုဗစ်က တစ်ဂိုး၊ ၄၉ မိနစ်တွင် ကာလက်စ်ပူယိုးလ်ကတစ်ဂိုး၊ ၅၈မိနစ်တွင် အီတူးက တစ်ဂိုးနှင့် မိနစ် ၉၀ တွင် ရော်နယ်ဒင်ဟိုက တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် ငါးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။




**ချန်ပီယံလိဂ်အုပ်စုပွဲအဖြစ် ဘာစီလိုနာနှင့် လက်ဗ်စကီးတို့ ပွဲတွင် ဘာစီလိုနာတိုက်စစ်မှူး အင်ဒရက်စ်အီနေစတာ**(ဝဲ) **ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာသည် ဂိုးသွင်းခွင့်၁၇ ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ၁၁ ကြိမ်ရရှိရာမှ ငါးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ လက်ဗ်စကီးဆိုဖီယာသည် ဘာစီလိုနာဘက်သို့ ထိုးဖောက်ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ရိုဗော့၊ ဘာဒွန်နှင့် အင်ဂီလော့ဗ်တို့က အခွင့်အရေးအပိုင် အသုံးမချနိုင်ခဲ့သဖြင့် ချေပဂိုးတစ်ဂိုးမျှ မရရှိခဲ့ခြင်းဖြစ်သည်။

**ချယ်လ်ဆီးနှင့် ဝါဒါဘရီမင်**

ချန်ပီယံလိဂ်သရဖူကိုယခုနှစ်တွင် ချိန်နေသည့် ချယ်လ်ဆီးအသင်းသည် ဂျာမနီကလပ် ဝါဒါဘရီမင်ကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သော်လည်း ဝါဒါဘရီမင်က ဂိုးသွင်းခွင့်အခွင့်အရေးပိုရခဲ့သည်။ ချယ်လ်ဆီးက ဂိုးသွင်းခွင့် ၁၁ ကြိမ်မှ ငါးကြိမ်အပိုင်ကန်သွင်းခဲ့ရာ နှစ်ဂိုးရရှိခဲ့သည်။ ချယ်လ်ဆီးရရှိသောဂိုးများမှာ ပွဲချိန် ၂၄ မိနစ်တွင် အက်ဆီယန်က တစ်ဂိုးနှင့် ၆၈ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် မိုက်ကယ်ဘောလက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတွင် ဒရော့ဘာ၊ ရှက်ဗ်ချင်ကို တိုက်စစ်အတွဲနှင့် ကွင်းလယ်မှဘောလက်၊ အက်ဆီယန်၊ လမ်းပတ်နှင့် မက်ခ်လီလီတို့ကို ထုတ်သုံးခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

**ပီအက်စ်ဗွီနှင့် လီဗာပူး**

အုပ်စု(၃)မှလီဗာပူးတို့ အဝေးကွင်း၌ ဂိုးမရှိသရေဖြစ်ခဲ့သဖြင့် တစ်မှတ်စီခွဲဝေယူရပြီဖြစ်သည်။ လီဗာပူးသည် ယခုပွဲ၌ ဒရစ်ကွတ်နှင့် ဘယ်လာမီတို့ တိုက်စစ်အတွဲကို ထုတ်သုံးခဲ့ရာ ထိုးဖောက်ဂိုးသွင်းခွင့် ၁၃ကြိမ်ခန့် ရရှိခဲ့သော်လည်းနှစ်ကြိမ်သာကန်သွင်းနိုင်ခဲ့ရာ ပီအက်စ်ဗွီဂိုးသမား ကာကွယ်နိုင်ခဲ့၍ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။ ပီအက်စ်ဗွီကဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားခဲ့သော်လည်း လီဗာပူးလောက် ကန်သွင်းခွင့် အခွင့်အရေးမရခဲ့ချေ။ လီဗာပူးက နောက်တန်းခံစစ်ကို ငါးဦးအထိထားကာ ကစားခဲ့သဖြင့် ပီအက်စ်ဗွီတိုက်စစ်မှူးဖာဖန်နှင့် အာရိုနာတို့ အပိုင်ကန်သွင်းခွင့် မရခဲ့သဖြင့် ဂိုးမရှိသရေ ဖြစ်ခဲ့ရသည်။

**ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ(ဝဲ) ခေါင်းတိုက်ရန် ကြိုးစားရာတွင် ဝါဒါဘရီမင်မှ ဖရစ်ဇ် နောက်မှတွန်းချရာ ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့ရသည့် မြင်ကွင်းဖြစ်သည်။**
(ဓာတ်ပုံ-အင်တာနက်)



**စပို့တင်းလစ္စဘွန်းနှင့်အင်တာမီလန်**

ပေါ်တူဂီကလပ် စပို့တင်းတို့က အင်တာမီလန်ကို အနိုင်ကစားနိုင်ခဲ့သည်။ အင်တာမီလန်တို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားသော်လည်း စပို့တင်းတို့က ပိုမိုထိုးဖောက်ဂိုးသွင်းနိုင်ခဲ့မှုကြောင့် ပွဲချိန်၆၅ မိနစ်တွင် လစ္စဘွန်းနောက်ခံလူ မာကိုကာနေရာက တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။ အင်တာမီလန် တိုက်စစ်မှူးများဖြစ်သည့် အက်ဒရီယာနိုနှင့် အီဘရာဟီမိုဗစ်တို့ ချေပဂိုးရအောင် မသွင်းနိုင်ခဲ့သည့်အပြင် ၆၈မိနစ်၌ ဗီအဲရာလည်း နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် ဘောရှုံး၊ လူရှုံး ဖြစ်ခဲ့ရသည်။ ။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| ဂါလာတာစာရေး | ၀ – ၀ | ဘော်ဒိုး |
| အိုလံပီယာကော့စ် | ၂ – ၄ | ဗလင်စီယာ |
| ရိုးမား | ၄ – ၀ | ရှက်တာဒိုးနက်။ |

(အင်တာနက်)



နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုနှင့် နမ္မတူ စာလုံးကျောက်စီ နံရံဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၉ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့က ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ် စည်ပင်)

# ကလေးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ကလေး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်း ကလေးခရိုင်၏ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၈နာရီက ကလေးမြို့ တပ်နယ်ခန်းမဆောင်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိုးစိုးဇော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားကာ အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ဆုပေးပွဲ အခမ်းအနားကို ည ၈ နာရီတွင် အဆိုပါခန်းမဆောင်၌ ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်ကြသည်။

**(အောက်ပုံ) (၄၁၇)**



# စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများလုပ်ငန်းခွင်အရည်အချင်းမြှင့် မွမ်းမံသင်တန်းဖွင့်

**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်းမြှင့် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက မုံရွာမြို့ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စစ်ကိုင်းတိုင်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

**သင်တန်းကာလ**

သင်တန်းသို့ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အပြို့ပြို့ အနယ်နယ် သတင်းများ

# သာသနာ့ဟိတသိမ်တော် သိမ်သမုတ်ပွဲကျင်းပ

**မတ္တရာ ဩဂုတ် ၃၁**

မန္တလေးတိုင်း မတ္တရာမြို့နယ် ဆည်တော်ကြီး ဘက်စုံရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံအနီး တည်ထားကိုးကွယ်သော ရွှေဘုန်းဝန် စေတီတော်နှင့် သာသနာလင်္ကာရ လျှပ်စစ်ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း လျှပ်စစ်ဝန်ထမ်းများ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၆၀ တန် သာသနာ့ဟိတ သိမ်တော်ကြီး သိမ်သမုတ်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဝါခေါင်လပြည့်နေ့ မင်္ဂလာသမယတွင် အဆိုပါသိမ်တော်ကြီး၌ ကျင်းပရာ စက်ရုံမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက ပင့်သံဃာတော်များအား ဆွမ်းခဲဖွယ်ဘောဇဉ် လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(၃၆၄)**



# မြဝတီခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်

**မြဝတီ စက်တင်ဘာ ၁၂**

ကရင်ပြည်နယ် မြဝတီခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၈နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော် တက်ရောက်ကာ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အမှာစကား ပြောကြားသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဝါသနာရှင်အဆင့် အဆိုပြိုင်ပွဲတွင် ပထမဆုရ ဒေါ်တင်တင်ညိုအား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင် ကူညီခဲ့သည့် သဘင်၊ ဂီတအနုပညာ ရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကာ ပြည်နယ်အဆင့် ပြိုင်ပွဲဝင်ရောက်မည့် အခြေခံပညာအဆင့် ပြိုင်ပွဲဝင်များအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းငါးသောင်း၊ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်များအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

ပြိုင်ပွဲသို့ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၃၈ဦးနှင့် ဝါသနာရှင်အဆင့် ၁၅ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး ပိုမိုမြင့်မားရေးအတွက် ဩဂုတ် ၁၃ရက်က အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကွန်ပျူတာပညာ အခြေခံအဆင့် သင်တန်းဖွင့်လှစ်သင်ကြားနေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်စစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်ရေး ဆွေးနွေး အရည်အသွေးကောင်းဝယ်ယူရေးကြိုးပမ်း

**ရေတာရှည် စက်တင်ဘာ ၂**

မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း(ရုံးချုပ်) စိုက်ပျိုးရေးနှင့် ဝယ်ယူရေးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမြင့်သိန်းသည် တောင်ငူဇုန် ဒုတိယဇုန်မန်နေဂျာ ဦးအောင်သင် လိုက်ပါလျက် ဩဂုတ်၂၅ရက် နံနက်က ရေတာရှည်မြို့နယ် မြို့လှအဝယ်စခန်းသို့ရောက်ရှိပြီး မြို့နယ်မန်နေဂျာနှင့် အဝယ်စခန်းတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဂုန်လျှော်စိုက်ပျိုးရေး၊ ဝယ်ယူရေး၊ အရည်အသွေးကောင်းဂုန်လျှော်များ ဝယ်ယူရရှိရေးနှင့် လျာထားချက်ပြည့်မီရေးတို့ကို ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြို့နယ်မန်နေဂျာ ဦးလှသိန်းက ရေတာရှည်မြို့နယ်အတွင်း ဝယ်ယူရေးစခန်းနယ်မြေအလိုက် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ ထွက်ရှိနိုင်မည့်အခြေအနေနှင့် အဝယ်စခန်းအလိုက် ဝယ်ယူရန်လျာထားချက်နှင့် ဝယ်ယူရရှိပြီးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ဒုတိယအထွေထွေမန်နေဂျာနှင့်အဖွဲ့သည် မြို့လှအဝယ်စခန်းအတွင်းရှိ လျှော်ခွာစက်များကြည့်ရှုစစ်ဆေးရာအဝယ်စခန်းတာဝန်ခံ ဦးဝင်းမြင့်က စက်များ၏အခြေအနေကို ရှင်းလင်းတင်ပြသည်။**(အောက်ပုံ)**

ထို့နောက် ဒုတိယအထွေထွေမန်နေဂျာနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ်အတွင်းရှိ အဝယ်စခန်းများနှင့် ဂုန်လျှော်စိုက်ကွင်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး တောင်သူလယ်သမားကြီးများနှင့်တွေ့ဆုံကာ ဂုန်လျှော်စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(က-ပ)**



# ဝန်ကြီးဦးဉာဏ်ဝင်း ဥရောပသမဂ္ဂသုံးဦးအဖွဲ့ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများကို ကိစ္စတစ်ခုချင်းအလိုက် အဖြစ်မှန်များတုံ့ပြန်ပြောကြား အာရှနှင့်ဥရောပတိုက်များအကြား ယဉ်ကျေးမှုနှင့် လူနေမှုစနစ် မတူညီ ဘာသာကိုးကွယ်မှု ကွဲပြားသဖြင့် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုလွဲမှားနေ နားလည်မှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာရန် ရည်ရွယ်

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော အဖွဲ့ဝင်ခုနစ်ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၌ စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသည့် အာရှ-ဥရောပ အစည်းအဝေး(Asia -Europe Meeting°-°ASEM)၏ (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ အာရှဘက်မှ အာဆီယံ၊ တရုတ်၊ ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံများ၊ အီးယူအဖွဲ့ဝင် ၂၅ နိုင်ငံနှင့် ဥရောပကော်မရှင်တို့ တက်ရောက်ခဲ့ကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ❐

# ဆန်းသစ်သောလက်ရာများဖြင့် ခြယ်မှုန်းထားသည့် ပန်းချီကားများ "အမြင်သစ်စုတ်ချက်များ" ပန်းချီပြပွဲ၌ ကြည့်ရှုလေ့လာခံစားနိုင်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာ့ပန်းချီဆရာတို့ကား လေးစားစရာ ကောင်းသည်။ ဝါသနာထုံရာ ပန်းချီပညာရပ်အပေါ် အချိန်ပြည့်နီးပါး နှစ်မြှုပ်ကာ မြန်မာ့ရိုးရာ ပန်းချီပညာရပ် မတိမ်ကောမပပျောက်အောင် အမြဲတမ်း ဆန်းသစ်ခေတ်မီနေအောင် ဖွဲလုံ့လကြီးစွာ အားထုတ်လျက်ရှိကြသည်။

ပန်းချီဆရာတို့၏ ကြိုးစားအားထုတ်မှုများ၏ ရလဒ်ကား နေရာအနှံ့အပြားတွင် ပန်းချီပြပွဲများအစဉ်မပြတ် ပြုလုပ်ကျင်းပလာနိုင်ခြင်းက ဖော်ပြလျက်ရှိသည်။ ထိုသို့ ပန်းချီပြပွဲများမှ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ဗဟို ပြခန်းတွင် စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော **"အမြင်သစ်စုတ်ချက်များ"** ***စာမျက်နှာ ၇ ကော်လံ ၁*** ✡



**"အမြင်သစ် စုတ်ချက်များ" ပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသော မြန်မာ့နှစ်ပါးသွားအကကို ဆန်းသစ်အောင် ရေးဆွဲထားသည့် ပန်းချီလှမြင့်ဦး၏ "နှစ်ပါးသွား" အမည်ရှိ ပန်းချီကားကို ဤသို့တွေ့ရသည်။** ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

# အတ္တလန်တစ်လွန်းပြန်ယာဉ်မှ ယာဉ်မှူးနှစ်ဦး အာကာသအတွင်း ပထမအကြိမ်လမ်းလျှောက်ခဲ့

**ဟူစတန် စက်တင်ဘာ ၁၃**

နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် ချိတ်ဆက်ပြီးနောက် လွှတ်တင်လိုက်သော အတ္တလန်တစ် အာကာသလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦးတို့သည် နိုင်ငံတကာအာကာသစခန်း ယာဉ်အပြင်ဘက်ထွက်ပြီး ပထမဆုံးအကြိမ် အာကာသအတွင်း လမ်းလျှောက်ကာ ခြောက်နာရီခွဲကြာ ဆောင်ရွက်စရာတို့ကို လုပ်ဆောင်နိုင်ခဲ့သည်။ **စာမျက်နှာ ၆ ကော်လံ ၃** ●



အင်တာနက် အထူးသတင်း

# ပါတီသည် တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကို ရွေးရှုလျက်ရှိ ဟင်္သာတမြို့နယ် NLD ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သမ္ဘာရာတိုင်းအုပ်စုမှ ဦးကုလား၊ဦးမောင်ဝင်း၊ဦးစိန်ဗွေး၊ ဦးအောင်မြင့်၊ ဦးစိုးမြင့်နှင့် ဦးထွန်းဝင်း၊ ဇရပ်ကွင်းအုပ်စုမှ ဦးရွှေလွင်နှင့် ဦးရွှေမိုးတို့ရှစ်ဦးသည် ဩဂုတ် ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

**ဆန္ဒအလျောက်နုတ်ထွက်**

ဟင်္သာတမြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်များကို ရွေးရှုဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် NLD ပါတီ၏လုပ်ရပ်များအပေါ် စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**